ဂါရဝေါစ ဧတံ မင်္ဂလ မုတ္တမံ၊ ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၃၄)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီရန်နိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဆရစ်မိုဟာမက် ခါတာမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အီရန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၁၁

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ပထမ၊ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ရီဇာအာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖွံ့ဖြိုးမှုသည် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးသည်



ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းသည် တိုင်းရင်းသားလူမျိုးများ၏ သမိုင်းဖြစ်ပြီး တိုင်းရင်းသားများ စည်းလုံးညီညွတ်သည့် ကာလများတွင် နိုင်ငံတော်၏အင်အား ခိုင်မာတောင့်တင်း၍ ပတ်ဝန်းကျင် မိတ်ဆွေနိုင်ငံများ၏ လေးစားခံ့ညားမှုကိုခံခဲ့ရသော နိုင်ငံတော်အဖြစ် ထင်ရှားစွာ ရပ်တည်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုစိတ်ဓာတ်မှေးမှိန်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးသည့်ကာလများတွင်မူ ပြည်ထောင်စု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ နိမ့်ပါးခဲ့ရသည်သာမက နိုင်ငံတော်လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုပင် ထိပါးခံခဲ့ရပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးမှုတို့သည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးလှပါသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၅)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ–

# နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးရည်မှန်းချက်ကို မရောက်ရောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်နိုင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကြီးကို တိုင်းရင်းသားပေါင်းစုံနှင့်အလွှာပေါင်းစုံဖြင့် ကျင်းပတော့မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ တွေ့ဆုံ၍ ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

## (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆို

"ကျေးလက်ဒေသများတွင် ကျေးလက်လမ်းပန်းဆက်သွယ်ရေးက ကောင်းမွန်၊ ရေကောင်းရေသန့်ကိုလည်း ရရှိ၊ ပညာရေးအဆင့်က မြင့်မား၊ ကျန်းမာရေးစောင့်ရှောက်မှုကလည်း ပိုမိုကောင်းမွန်လာသည့်အပြင် စီးပွားရေးတွင်လည်း ဖွံ့ဖြိုးတိုးတက်လာသည်။"

ငြိမ်းမင်းစံ (မဟာအောင်မြေ)၏ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး **"ဖွံ့ဖြိုးတိုးတက် မြန်မာ့ကျေးလက်"**ကို စာမျက်နှာ (၈၊ ၉)၊ စိုးမိုး(ပုသိမ်)၏ **"ပြည်ထောင်စု၏မိုးကောင်းကင်"** ကဗျာကို စာမျက်နှာ (၁၃)နှင့် **"ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း"**တို့ကို စာမျက်နှာ (၇)တွင် ဝေဝေဆာဆာ ဖော်ပြထားပါသည်။ **(မြန်မာ့အလင်း)**

**(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

## မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

# ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အောင်မြင်အောင်ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက် ရှိသည်။

ထိုသို့ကြိုးပမ်းတည်ဆောက်ရာ၌ ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံလိုအပ်ချက် ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့်စိုက်ပျိုးရေရရှိရေး၊ ကျန်းမာရေးအဆင့်မြင့်မားရေး၊ ပညာရည်မြင့်မားရေးနှင့် အခြေခံစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်မြင့်မားရေးဟူသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို လမ်းညွှန်ချမှတ်အကောင်အထည်ဖော်စေခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ကိုင်းတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဖေဖော်ဝါရီလ၅ရက်နေ့ နံနက်ပိုင်းက ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံ၊ ကန့်ဘလူမြို့နယ်ရှိ ကျေးပင်အက်ရေလှောင်တမံနှင့် ဆိပ်ဖူးမြောင်စပ်ပြကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် ကျေးလက် ကျောက်ချောလမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကျေးရွာမှတာဝန်ရှိသူများ၊ ရွာသူရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး **“နိုင်ငံတော်က ဖြည့်ဆည်းအကောင်အထည်ဖော်ပေးလျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ဖြင့် မိမိကျေးရွာ ယခုထက် ဖွံ့ဖြိုးစည်ပင်အောင် ကြိုးပမ်းကြရန်”** မှာကြားခဲ့သည်။

သဖန်းဆိပ်ရေလှောင်တမံဆည်ရေဖြင့် စပါး၊ဂျုံ၊ပဲ၊နှမ်းတို့ကို အဓိကစိုက်ပျိုးနိုင်ခဲ့သည်။ တမံပြီးစီး၍ ဆည်ရေစတင်လွှတ်သည်နှင့် မိုးစပါးနှင့် နွေစပါးနှစ်ရပ်ပေါင်း ဧကငါးသိန်းကျော်စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၂-၂၀၀၃ခုနှစ်တွင် ဧကရှစ်သိန်း ရှစ်သောင်းကျော်အထိ စိုက်ပျိုးနိုင်ခဲ့သည်။ နွေနှမ်းစိုက်ပျိုးခြင်း လုံးဝမရှိခဲ့သည့် ထိုဒေသတွင် ယခုအခါ နွေနှမ်းဧက၃၉၀၀၀အထိ စိုက်ပျိုးလာနိုင်ကြောင်း သိရသည်။ ထို့အပြင် သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အားလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

သဖန်းဆိပ်ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဧပြီလ၁၇ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး သဖန်းဆိပ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို ၂၀၀၂ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ကျေးပင်အက်ရေလှောင်တမံကို ၂၀၀၁ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး သီးနှံစိုက်ဧက ၈၅၀၀ခန့် အကျိုးပြုနိုင်လျက်ရှိသည်။

ဆိပ်ဖူးမြောင်စပ်ပြကျေးရွာတွင် ယခင်က အခြေခံပညာမူလတန်းကျောင်းသာရှိခဲ့ပြီး ယခုအခါ မူလတန်းလွန်ကျောင်း အဆင့်ဖွင့်လှစ်သင်ကြားပေးနိုင်နေပြီဖြစ်သည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် ကျေးရွာအတွင်း လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ထားပြီးဖြစ်သကဲ့သို့ ကန့်ဘလူမြို့နှင့် ဆက်သွယ်သည့် ကျေးလက်ကျောက်ချောလမ်းကိုလည်း ဖောက်လုပ်ခဲ့ပြီး ဖြစ်သည်။

ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်း ဖွင့်လှစ်ထားရှိရာ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ပြီဖြစ်သည်။ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးကိုလည်း စီမံထားပေးပြီးဖြစ်သည့်အပြင် နေကြာ၊ ပဲ၊ ပြောင်း စသည့် သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေသည့် စံပြကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနအကျဆုံးလိုအပ်ချက်ဖြစ်သည့် ကျေးလက်ဒေသများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်အောင်မြင်ရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့

### အမျိုးသားရေးဦးတည်ချက်များ

- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထွန်းကားရေး။
- ☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့၌ အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းများရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းရန်အတွက် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်တောင်ကြီး၊ ဟဲဟိုးမှတစ်ဆင့် လေကြောင်းခရီးဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်**

ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့အား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးဒေါ်ခင်ပြုံးဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့ဝင်များ၊လုပ်ငန်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ဒေသခံတိုင်းရင်းသူများက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ညနေ ၅နာရီခွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ကျင်းပသည်။ အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ဖေဖော်ဝါရီ၉ရက် နံနက်၈နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်းနှင့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာ နာယကအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းဖြတ်၊ တာချီလိတ် ခရိုင်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ၁၀ မြို့နယ်တို့မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ (၄)မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၅၀၀ခန့် တက်ရောက်ကြသည်။

**စည်းလုံးညီညွတ်စွာပါဝင်ဆောင်ရွက်**

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးထုအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနှံ့ ပြည်နယ်နှင့်တိုင်း အသီးသီးသို့ သွားရောက်၍ လုပ်ငန်းရှင်းလင်းပွဲများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုမိမိတို့အဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ လာရောက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားမှာဖြစ်ကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမျိုးသမီးများ၏အခန်းကဏ္ဍမြှင့်တင်ရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသမီးများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရေးစသည့် မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်အား ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်များ အကောင်အထည်ဖော်နိုင်ရန် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးထုတစ်ရပ်လုံးသိရှိပါဝင်စေရေးကို အောက်ခြေအဆင့်ထိ ကွင်းဆင်း၍ ရှင်းလင်းစည်းရုံးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေတစ်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အစိုးရ မဟုတ်သော အဖွဲ့အစည်းဖြစ်သည့်အတွက် ယခင်ဖွဲ့စည်းခဲ့သော အမျိုးသမီးရေးရာကော်မတီနှင့်နှိုင်းစာလျှင် လုပ်ငန်းများ ပိုမိုကျယ်ပြန့်ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ မြန်မာ အမျိုးသမီးထုတစ်ရပ်လုံးအနေဖြင့် ဇာတိမာန်ထက်သန်သည့် ယဉ်ကျေးသိမ်မွေ့သော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် မြန်မာအမျိုးသမီးများ ဖြစ်လာရေးကို “အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့” ဟူသော အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခင်ထားမေက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်လျှောက်ထားပုံများကို လည်းကောင်း၊ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ စီမံရေးရာနှင့် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ကျန်းမာရေး အဖွဲ့ခေါင်းဆောင်ဒေါက်တာမိုးမိုးခိုင်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီးငယ်ရွယ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာ ချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင် အလှူရှင်များက အလှူငွေပေးအပ်လှူဒါန်းရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ်မှ အလှူငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ်

စာမျက်နှာ ၁၄ ကော်လံ ၃





(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

အစီအစဉ်အရ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးက စုစည်းရောက်ရှိလာကြသော သွေးရင်းသားရင်းပြည်ထောင်စုဖွား တိုင်းရင်းသားကိုယ်စားလှယ်များကို ယခုကဲ့သို့ တစုတဝေးတည်း တွေ့ဆုံရသည့်အခါတွင် မောင်နှမသားချင်းများ၊ ဆွေမျိုးသားချင်းများ ပြန်လည်ဆုံတွေ့ရသကဲ့သို့ လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးမှု အတိုင်းမသိဖြစ်ရပါကြောင်းကို ဦးစွာပထမပြောကြားလိုကြောင်း။

## အထောက်အထားရှိ

မြန်မာလူမျိုးများသည် ကမ္ဘာပေါ်တွင် လူသားဟူ၍ စတင်ပေါ်ပေါက်လာသည့်အချိန်ကတည်းက မြန်မာ့မြေပေါ်၌ နေထိုင်ကြသူများဖြစ်သည်ဆိုသည်ကို ရှာဖွေတူးဖော်ရရှိသည့် သမိုင်းအထောက်အထားများ၊ လေ့လာသုတေသနပြုလုပ်မှုများအရ ခိုင်ခိုင်မာမာ ပြောဆိုနိုင်ကြောင်း၊ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသားအားလုံးသည် မြန်မာနိုင်ငံနယ်နိမိတ်အပြင်က အခြားသောနေရာဒေသများက ပြောင်းရွှေ့လာသည့် လူမျိုးများမဟုတ်ဘဲ ရှေးပဝေသဏီကာလကပင် မြန်မာ့မြေပေါ်၌ ပေါက်ဖွားရှင်သန်ကြီးပြင်းလာကြသည့် ပြည်ထောင်စု တိုင်းရင်းသားစစ်စစ်များပင် ဖြစ်သည်ဆိုသည်ကို ခိုင်မာသော အထောက်အထားများ ရှိပြီးဖြစ်ကြောင်း။

ရှေးဘိုးဘေးဘီဘင် မြန်မာတိုင်းရင်းသားများသည် မြန်မာ့မြေပေါ်တွင် ရေကြည်ရာမြက်နုရာ ရှာဖွေသွားလာနေထိုင်ကြရင်း အချိန်ကာလ၊ ရာသီဥတု၊ ပထဝီဝင်အနေအထားများအရ အသားအရောင်၊ ပုံပန်းသဏ္ဌာန်၊ ဘာသာစကားများ အနည်းငယ်စီကွဲပြားခြားနားမှုရှိလာကြသော်လည်း စင်စစ်အားဖြင့် မြန်မာ့မြေပေါ်တွင် မျိုးဆက်ရှည်ကြာစွာ ပေါက်ဖွားရှင်သန်လာခဲ့ကြသည့် သွေးချင်းသားချင်း ညီနောင်ရင်းများသာဖြစ်သည်ဆိုသည်ကို မိမိတို့တိုင်းရင်းသားအားလုံးခံယူထားရမည့် အခြေခံသဘောထားဖြစ်ကြောင်း။

မိမိတို့တိုင်းရင်းသားမျိုးနွယ်စု တစ်ရာကျော်တွင် ရိုးသားဖြူစင်ခြင်း၊ သနားကြင်နာခြင်း၊ ရိုင်းပင်းကူညီခြင်း၊ မေတ္တာတရားထားရှိခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ အေးချမ်းစွာနေထိုင်လိုခြင်း စသည့် လူမှုရေးအသွင်သဏ္ဌာန်များကို တူညီသည့် ပင်ကိုစရိုက်လက္ခဏာများအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း။

## လူသားသမိုင်းအစ

ဤကဲ့သို့ စိတ်သဘောထားချင်းတူညီကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးခြင်း၊ ရိုင်းပင်းကူညီခြင်း၊ အပြန်အလှန်အမှီသဟဲပြုခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဆိုသည့် မိသားစုစိတ်ဓာတ်ကိုအခြေခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်းတွင် သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားကြရင်း ပေါင်းစည်းယှက်နွှယ်နေထိုင်ခဲ့ကြသည်မှာ လူသားသမိုင်းအစမှသည် ယနေ့ထက်တိုင်ပင်ဖြစ်ကြောင်း။

ယနေ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ တိုင်းရင်းသားလူမျိုးများ ဒွေးရောယှက်တင် ပေါင်းစည်းယှက်နွှယ်နေထိုင်ကြသကဲ့သို့ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင်လည်း တိုင်းရင်းသားလူမျိုးများသည် အတူတကွ ပေါင်းစည်းယှဉ်တွဲ နေထိုင်လျက်ရှိကြကြောင်း။

ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုကြီးအတွင်း ပျံ့နှံ့နေထိုင်ကြမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက-

**"ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ နယ်နိမိတ်အတွင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသလို ပြည်ထောင်စုကြီးရဲ့နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီဟာလည်း တိုင်းရင်းသားလူမျိုးတွေ အတူတကွ ပူးပေါင်းနေထိုင်တဲ့ ပြည်ထောင်စုငယ်တွေပင်ဖြစ်တယ်။ ဒီလို တစ်ဦးနဲ့တစ်ဦး ပေါင်းစည်းယှက်နွှယ်နေထိုင်ကြပြီး ခွဲခြားလို့မရတဲ့ အခြေအနေမှာ တိုင်းရင်းသားလူမျိုးတွေအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြဖို့လိုတယ်"**

ဟု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ် မူလတန်း ဆရာအတတ်သင် သင်တန်းအမှတ်စဉ်(၃၅) သင်တန်းသား သင်တန်းသူများအား သြဝါဒစကားမြွက်ကြားရာတွင် ထည့်သွင်းလမ်းညွှန်မှာကြားခဲ့ပါကြောင်း။

## ဥမကွဲသိုက်မပျက်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ မိမိတို့တိုင်းရင်းသားများ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းယှက်နွှယ်နေထိုင်ကြရာတွင် ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ထား လုံးဝကင်းရှင်းပြီး ခြံဝင်းကြီးတစ်ခုအတွင်း ညီအစ်ကိုမောင်နှမများ သိုက်သိုက်ဝန်းဝန်း၊ အေးအေးချမ်းချမ်း အကျိုးတူပူးပေါင်းနေထိုင်ကြသကဲ့သို့ မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ဥမကွဲသိုက်မပျက် နေထိုင်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏သမိုင်းစဉ်တစ်လျှောက်တွင် ပဒေသရာဇ်အချင်းချင်း အင်အားပြိုင်မှုများ၊ အာဏာပြိုင်မှုများကြောင့် အချင်းပွားရမှုများ၊ တိုင်းရင်းသားများအတွင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုများကြောင့် အချင်းများရမှုများသည် အခိုက်အတန့်မျှသာဖြစ်ခဲ့ပြီး ယနေ့ကမ္ဘာ့ဒေသအချို့၌ ဖြစ်ပွားနေသည့် လူမျိုးအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရန်လိုမုန်းတီးပြီး အငြိုးအတေးထားကာ မျိုးဖြုတ်သတ်ဖြတ်သုတ်သင်ခြင်းမျိုး အလျှင်းမရှိခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်အနေဖြင့် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်၏သမိုင်းစဉ်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြစ်စဉ်များနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ကျစ်လျစ်ခိုင်မြဲသည့် ကာလများတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အင်အားသည် တောင့်တင်းခိုင်မာပြီး ခမ်းနားထင်ရှား ဂုဏ်ရှိန်မြင့်မားခဲ့ရသကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့ပါးခဲ့သည့်ကာလများတွင် ပြည်ထောင်စုကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် လုံခြုံရေးအခြေအနေများနိမ့်ပါးခဲ့ရပြီး ပြည်ပကျူးကျော်မှုခံခဲ့ရသည်များ၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားခံခဲ့ရသည်များကို သမိုင်းတွင် အထင်အရှားတွေ့ရမည်ဖြစ်ကြောင်း။

## သိမ်းပိုက်နယ်ချဲ့ရန်ကြံစည်

ကမ္ဘာ၌ ကိုလိုနီနယ်ချဲ့စနစ်ကြီးထွားခဲ့ပြီး ၁၉ ရာစုနှောင်းပိုင်းကာလတွင် ကိုလိုနီနယ်ချဲ့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံနှင့် စတင်ထိတွေ့ဆက်ဆံခဲ့သည့်အချိန်တွင် မြန်မာနိုင်ငံ၏မြေပေါ်မြေအောက် သယံဇာတပစ္စည်းပေါကြွယ်ဝမှုကို သိရှိကြပြီး မြန်မာနိုင်ငံကို သိမ်းပိုက်နယ်ချဲ့ရန် ကြံစည်လာခဲ့ကြခြင်းဖြစ်ကြောင်း။

ဤသို့ ကြံစည်ခဲ့ကြရာတွင် မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် ပဒေသရာဇ်များအတွင်း သွေးကွဲအောင်ဖန်တီးပြီး စည်းလုံးညီညွတ်မှု ပျက်ပြားချိန်တွင် ၁၉ ရာစုနှစ်အတွင်း နယ်ချဲ့သမားများ တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီလက်နက်များကိုအသုံးပြုပြီး လက်နက်အားကိုးဖြင့် မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း။

## သပ်လျှိုသွေးခွဲ

နယ်ချဲ့များအနေဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများသည် သွေးချင်းသားချင်းများဖြစ်ကြခြင်း၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြပြီး မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ နေထိုင်ကြခြင်း၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ကြခြင်းများကို နားလည်သဘောပေါက်ကြသည့်အလျောက် မြန်မာနိုင်ငံကို ရေရှည်ကျွန်ပြုအုပ်ချုပ်နိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင် အစီအစဉ်တကျ သပ်လျှိုသွေးခွဲခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့တို့၏ နာမည်ဆိုးဖြင့်ကျော်ကြားသည့် သွေးခွဲအုပ်ချုပ်ရေးစနစ် (Divide and Rule Policy)ကိုသုံးပြီး နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ လူမျိုးရေးမျက်နှာစာ ပေါင်းစုံတွင် နည်းလမ်းမျိုးစုံဖြင့် သွေးခွဲခဲ့ကြသည့်အတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားမှုများ၊ သံသယပွားမှုများ ဖြစ်ခဲ့ရကြောင်း။

သို့ရာတွင် နိုင်ငံရေးအသိအမြင် နိုးကြားတက်ကြွပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားကို သဘောပေါက်ကြသည့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံထူထောင်နိုင်ရန် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မဖြစ်မနေ ပြန်လည်တည်ဆောက်ခဲ့ကြောင်း၊ ကိုလိုနီနယ်ချဲ့တို့ကလည်း မြန်မာနိုင်ငံကို ဆက်လက်ကျွန်ပြုအုပ်ချုပ်နိုင်ရန် နည်းမျိုးစုံသုံးပြီး လုပ်ကိုင်ကြရင်း မြန်မာနိုင်ငံကို လွတ်လပ်ရေး ပေးရသည့်တိုင်အောင် ပြဿနာပေါင်းစုံ ရင်ဆိုင်ကြုံတွေ့နေရအောင် တမင်ဖန်တီးခဲ့ကြသေးသည်ကို သမိုင်းတွင်အထင်အရှားတွေ့ရကြောင်း။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်ပင်လုံမြေ၌ ပြည်မ တောင်တန်းမခွဲခြားဘဲ အတူတကွ လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသည့်သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာပြသခဲ့ကြကြောင်း၊ ဤကဲ့သို့ ပြသနိုင်ခဲ့သည့်အတွက်ကြောင့်လည်း ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး မည်သည့်ပြည်နယ်၊ မည်သည့်တောင်တန်း၊ မည်သည့်ဒေသမှ ကြွင်းကျန်ခဲ့ခြင်းမရှိဘဲ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ်ကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏သမိုင်းတစ်လျှောက်တွင် အစဉ်အမြဲအောက်မေ့တသနေရမည့် နေ့ရက်၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးလှသည့် နေ့ရက်၊ လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သည့်နေ့ရက်စသည့် နိုင်ငံရေးအဓိပ္ပာယ်လေးနက်လှသည့် ဖေဖော်ဝါရီလ ၁၂ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ဤနေ့ရက်တွင် ပြည်ထောင်စုနေ့ အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အမျိုးသားရေး ဦးတည်ချက်များချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပနေခြင်းပင်ဖြစ်ကြောင်း။

## ကြိုးဆွဲခြယ်လှယ်ခံ

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက်တွင် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လူမျိုးရေးပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှု၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူဆန့်ကျင်မှု အန္တရာယ်သည် လွန်စွာကြီးမားပြင်းထန်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးနီးပါး ရောင်စုံလက်နက်ကိုင်ဆန့်ကျင်မှုများ၏ အရိပ်မည်းကြီးအောက် ကျရောက်ခဲ့ရပြီး ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်စ မြန်မာနိုင်ငံသည် ကိုလိုနီလက်သစ်များ၏ သြဇာခံ၊ ကြိုးဆွဲခြယ်လှယ်ခံဖြစ်ရတော့မည့် အခြေအနေကို ရောက်ရှိခဲ့ကြောင်း။

## အသက် သွေးချွေး ဆုံးရှုံး

ဤအခြေအနေတွင် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများဘက်က သစ္စာရှိရှိ တာဝန်သိသိ ရပ်တည်ခဲ့ပြီး စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့်အတွက် မြို့ပြအများစုသည် ငြိမ်းချမ်းမှုရခဲ့သော်လည်း ကျေးလက်တောရွာများ၊ အထူးသဖြင့် နယ်စပ်ဒေသများသည် ပြည်တွင်းလက်နက်ကိုင်ဆူပူမှု၏ဆိုးမွေကို ခါးစည်းခံခဲ့ကြရကြောင်း၊ ဤဒေသများက တိုင်းရင်းသားပြည်သူများသည်လည်း ကျီးလန့်စာစားဘဝဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရပြီး တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားမှု၊ သံသယပွားမှုတို့ကြောင့် များစွာသော အသက် သွေးချွေးများ ဆုံးရှုံးကြရသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ရသည့် အချိန်တွင် ခေတ်အဆက်ဆက် မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အလေးအနက်သုံးသပ်ပြီး မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုမြန်မာနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ပြီး အချုပ်အခြာအာဏာလည်း ရေရှည်ခိုင်မြဲမည်ဖြစ်သည့်အတွက် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"**ဆိုသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

**စာမျက်နှာ ၁၀ ကော်လံ ၁**

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီရန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင်ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဆရစ်မိုဟာမက် ခါတာမီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



❑ *ကျောဖုံးမှ*

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့ရှိ အာဆီယံ နိုင်ငံသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ကျန်းမာရေးဦးစီးဌာနများမှ ဌာနမှူးများ၊ ဆေးရုံကြီးများမှ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

## ပြောင်းလဲတိုးတက်လာ

အစီအစဉ်အရ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းနေသည့် အချိန်ကာလဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ကို အကောင်အထည်ဖော်ခြင်းအားဖြင့် မိမိတို့အနေဖြင့် ယင်းအမျိုးသားရေးပန်းတိုင်ကို ရောက်ရှိလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ခေတ်မီပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေးမှာ အဓိကလိုအပ်ချက်ဖြစ်သည်ဟုလည်း ခံယူထားကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းများ မြင့်မားရေးကို ဦး စားပေးလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်သည့်အတွက် ယခုအခါ ဝေးလံခေါင်ဖျားနယ်စပ်များအထိ ပြည်သူများအတွက် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးနိုင်ရုံသာမက တိုင်းနှင့်ပြည်နယ်တိုင်းမှာ အထူးကုဆရာဝန်ကြီးများ ကုသပေးနေသည့် ခေတ်မီဆေးရုံများ ထူထောင်ဖွင့်လှစ်ပေးထားနိုင်နေပြီဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နှင့် နှိုင်းစာလျှင် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍသည် ထူးခြားပြောင်မြောက်စွာ တိုးတက် ပြောင်းလဲလာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း။

ကျန်းမာရေး ပြုစုစောင့်ရှောက်မှုမှာ ကုသမှုအပိုင်းအပြင် တားဆီးကာကွယ်မှုကဏ္ဍသည်လည်း လွန်စွာအရေးကြီးသည့်အတွက် နိုင်ငံတော်အစိုးရအနေနှင့် ရောဂါများတားဆီးကာကွယ်ရေးကို အာရုံစူးစိုက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေးနှင့်စီးပွားရေးတိုးတက်မြင့်မားစေရေးအတွက် သန့်ရှင်းသည့်သောက်ရေသုံးရေလုံလောက်စွာရရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှုကောင်းမွန်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှု ကောင်းမွန်ခြင်းတို့မှာ အထူးအရေးပါသည့်အကြောင်းအရာအချက်အလက်များ ဖြစ်ကြောင်း၊ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် သန့်ရှင်းသည့် သောက်သုံးရေ လုံလောက်စွာရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို တိုးချဲ့လုပ်ဆောင်သွားရန် မူဝါဒများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးမူဝါဒမှာ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လေထုနှင့် ရေထုညစ်ညမ်းမှု ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ အလေးအနက်ထားပြီး ထည့်သွင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

## ပူးပေါင်းဆောင်ရွက်

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်းက သန့်ရှင်းသည့် သောက်သုံးရေ မလုံလောက်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေး လွှမ်းခြုံမှုရာခိုင်နှုန်း နည်းပါးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှု အလေ့အကျင့် နည်းပါးခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါစသည့် ရောဂါများကို ကျန်းမာရေးပြဿနာများအဖြစ်ရင်ဆိုင်ဖြေရှင်းခဲ့ရကြောင်း၊ ယင်း ပြဿနာများကို ကျော်လွှားနိုင်ရန်အတွက် အမျိုးသားကျန်းမာရေးကော်မတီအနေနှင့် ၁၉၉၅ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးတွင် တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများ၌ ပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတို့ကို ပူးပေါင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း။

အမျိုးသားကျန်းမာရေး မူဝါဒဆိုင်ရာ လမ်းညွှန်ချက်များမှာလည်း ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများသည် အထူးဦးစားပေးလုပ်ငန်းများအဖြစ် ရှေ့တန်းက ပါဝင်လာခဲ့ကြကြောင်း၊ အမျိုးသားကျန်းမာရေးကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ တစ်နိုင်ငံလုံးတွင် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများကို ရှာဖွေဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ဆန်းစစ်တွေ့ရှိချက်များအရ အထက်မှအောက်ခြေသို့ လိုအပ်သည့်ပစ္စည်းများ ခွဲဝေဖြန့်ဖြူးသောစနစ်မှသည် ပြည်သူများကိုယ်တိုင် မိမိတို့၏လိုအပ်ချက်၊ လိုလားချက်များကိုတင်ပြပြီး ကိုယ့်အားကိုယ်ကိုး ပူးပေါင်းဆောင်ရွက် တတ်လာကြစေရန်အတွက် ပြည်သူလူထုအတွင်း ပညာပေးလှုံ့ဆော်သည့် နည်းလမ်းများအသွင်သို့ ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသာမက နီးနွယ်သည့် ဝန်ကြီးဌာနများ အားလုံးနှင့် အစိုးရမဟုတ်သောစေတနာရှင် လူမှုရေးအဖွဲ့အစည်းများပူးပေါင်းပြီး ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအလေ့အထများ တိုးပွားလာစေရန် ပညာပေးခြင်း၊ စည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေနှင့် ၁၉၉၈ခုနှစ် မေလ ၁၁ ရက်မှ ၁၇ ရက်အထိကို ပထမအကြိမ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာမှာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းလှုပ်ရှားမှုမှာ မြန်မာ့ကျန်းမာရေးသမိုင်းတွင် အထင်ကရမှတ်တိုင်အဖြစ် စိုက်ထူနိုင်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လှုပ်ရှားမှုများသည် အရှိန်အဟုန်နှင့် ရှင်သန်ကြီးထွားလာခဲ့ကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုအရှိန်အဟုန် ဆက်လက်မြင့်မားလာစေရေးအတွက်အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်များကို နှစ်စဉ်မပျက် ဆက်လက်ပြီး တက်ကြွစွာဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ကြောင့် ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ်များ အကောင်အထည်မဖော်မီကာလက သန့်ရှင်းရေးလွှမ်းခြုံမှုမှာ ၄၆ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၇၀ ရာခိုင်နှုန်းအထိ နှစ်ဆခန့်တိုးမြင့်လာသည်ကို တွေ့ရမှာဖြစ်ကြောင်း။

## ကလေးသေနှုန်းကျဆင်း

ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အရှိန်အဟုန်မြှင့်သည့်အနေနှင့် စတုတ္ထနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်မှစတင်ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့တိုင်း၊ ရွာတိုင်းက ရေရရှိရာ အရင်းအမြစ်နေရာများကို သန့်ရှင်းမှုနှင့် ပြည့်စုံအောင်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းကိုပါထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ချက်များကြောင့် မသန့်ရှင်းသည့်ရေနှင့် ပတ်ဝန်းကျင်တို့မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများဖြစ်ပွားမှုမှာ သိသာစွာလျော့နည်းကျဆင်းလာပြီး တစ်နှစ်အောက်ကလေး သေနှုန်းနှင့် ငါးနှစ်အောက်ကလေး သေနှုန်းတို့လည်း လျော့နည်းကျဆင်းလာခဲ့ကြောင်း။

ပြီးခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် ပြည်သူလူထုအတွင်း အောင်မြင်စွာလှုံ့ဆော်စည်းရုံးနိုင်ခြင်းကြောင့် လူထုအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးအလေ့အထများ တိုးပွားလာရုံသာမက တစ်ကိုယ်ရေ သန့်ရှင်းရေးအလေ့အထများပါ တိုးတက်ဖြစ်ထွန်းလာသည်ကို စစ်တမ်းများအရ တွေ့ရှိရကြောင်း၊ ယင်းသို့ အချိန်တိုကာလအတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်မှု ရရှိသည်ကို အရှေ့တောင်အာရှဒေသတွင်းရှိ နိုင်ငံများအပါအဝင် နိုင်ငံတကာမှ အသိအမှတ်ပြု ချီးကျူးခြင်းခံခဲ့ရကြောင်း၊ ယင်းသို့အောင်မြင်မှုများကို အတုယူလိုသည့် အာရှနိုင်ငံတချို့သည် ရက်သတ္တပတ် လှုပ်ရှားမှုအတွင်းမှာ လာရောက် လေ့လာခဲ့သည်ကိုလည်း မြန်မာနိုင်ငံ၏ ကျန်းမာရေးလှုပ်ရှားမှုများနှင့်ပတ်သက်ပြီး ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ဤသို့ လာရောက်လေ့လာစဉ်အတွင်း နိုင်ငံအချင်းချင်း အတွေ့အကြုံများ ဖလှယ်နိုင်ခဲ့ကြသည့်အတွက် နှစ်ဦးနှစ်ဖက် အကျိုးအမြတ်များစွာ ရရှိခဲ့ကြကြောင်း။

## ပတ်ဝန်းကျင်သန့်ရှင်းရေးတိုးတက်

ယင်းသို့ အောင်မြင်မှုများရရှိခဲ့သည်မှာ နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှု၊ ဗဟိုအဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ ကျေးလက်ဒေသအဆင့်တို့မှာ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင် ရိုင်းပင်းကူညီ ဆောင်ရွက်မှုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်ဟုဆိုရမှာဖြစ်ကြောင်း၊ ယင်းသို့ အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ပြည်သူများအကြား အသိပညာ ပိုမိုပြန့်ပွားလာမှုနှင့်အတူ ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှုများကို ပြည်သူများ ကိုယ်တိုင်လုပ်ဆောင်လာသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍ၏ တိုးမြှင့်ဆောင်ရွက်ပေးမှုတို့ကြောင့် ပြည်တွင်းမှာ ထုတ်လုပ်သည့် ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အထောက်အကူပြုသော ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ရရှိစေနိုင်သည့်အတွက် လုပ်ငန်းအစီအစဉ် ပိုမိုထက်မြက်လာကာ ပတ်ဝန်းကျင်သန့်ရှင်းရေး လွှမ်းခြုံမှုကိုလည်း သိသိသာသာ တိုးတက်မြင့်မားလာစေခဲ့ကြောင်း။

ယခု သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်၏ ရည်ရွယ်ချက်အနေနှင့် ၂၀၀၄ ခုနှစ်အကုန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလွှမ်းခြုံမှုမှာ ၈၅ ရာခိုင်နှုန်းရှိရန် ရည်မှန်းထားကြောင်း၊ ယခင်လှုပ်ရှားမှုများမှ အဖိုးတန်သည့်အတွေ့အကြုံများ ရရှိခဲ့သည့်အတွက် ရာနှုန်းပြည့် အောင်မြင်မှုရရှိလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ၂၀၀၅ ခုနှစ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလွှမ်းခြုံမှုမှာ ရာနှုန်းပြည့်ဖြစ်စေရန်အတွက် ဆက်လက်ပြီး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနှင့် ပြည်သူများအားလုံးကို အလေးအနက် တိုက်တွန်းလိုကြောင်း၊ ယခုနှစ် လှုပ်ရှားမှုများတွင် စာသင်ကျောင်းနှင့် အများပြည်သူများ အသုံးပြုသည့်နေရာများ သန့်ရှင်းရေးကို ဦးစားပေးလုပ်ဆောင်သွားမှာဖြစ်သည့်အတွက်လည်း ဝမ်းမြောက်ဖွယ် ဖြစ်ပါကြောင်း။

ယခုဆိုလျှင် မြို့ပြများလျင်မြန်စွာ တိုးတက်ဖြစ်ထွန်းလာသည့်အတွက် သန့်ရှင်းသည့် သောက်ရေ သုံးရေရရှိရေးသည် လွန်စွာပင် အရေးပါလာတာတွေ့ရမှာဖြစ်ကြောင်း၊ မသန့်ရှင်းသောရေများကြောင့် ရောဂါများထူပြောလာပြီး ပြည်သူအများအပြား၊ အထူးသဖြင့် ကလေးသူငယ်များအကြားတွင် ဒုက္ခအမျိုးမျိုး ပေါ်ပေါက်တတ်ကြောင်း၊ ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ တည်ဆောက်သည့်နေရာတွင် သန့်ရှင်းသည့် ရေအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် သောက်သုံးရေ အရည်အသွေးများကို ထိန်းသိမ်းသွားရန် အထူးပင် အရေးပါလှကြောင်း။

ထို့ကြောင့် ယခု သတ္တမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများသာမက ရေအရင်းအမြစ်များကာကွယ်စောင့်ရှောက်ရေး၊ တစ်ကိုယ်ရေကျန်းမာမှုစောင့်ရှောက်ရေးတို့ကို အဓိကထားပြီး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်၏ ရည်ရွယ်ချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တကွ နီးနွယ်သောဌာန ဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့စသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများအနေနှင့် ယခင်အစဉ်အလာကောင်းများနှင့်အညီ တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်း ပြောကြားလိုကြောင်း၊ သတ္တမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု အောင်မြင်မှုအဝဝနှင့် ပြည့်စုံပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll Long ကအမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သတ္တမနှစ်အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၄)ဆိုင်ရာ ကျန်းမာရေး ပညာပေးပြခန်းကို ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၁၁–၂–၂၀၀၄**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Psychology in Home Life ဒုတိယနှစ်(စိတ်ပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ်ရွှေနဖူးစာ"**(အပိုင်း–၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း–၁၀)
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။



## စုပေါင်းဓာတ်ပုံရိုက်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဖေဖော်ဝါရီ ၉ ရက်က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ဘားအံတက္ကသိုလ် ပင်မဆောင်ရှေ့တွင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဖေဖော်ဝါရီ ၉ ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အတူ ဘားအံတက္ကသိုလ် ပင်မဆောင်ရှေ့၌ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းဖော်ပြပြီး)(သတင်းစဉ်)




# ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မကွေးတိုင်းအတွင်းမြို့နယ်များသို့ကွင်းဆင်း ပြန်ကြားရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်၊ကျေးရွာများသို့သွားရောက်၍ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့်တွေ့ဆုံညှိနှိုင်းကာဆောင်ရွက်ပေးခဲ့သည်။**

ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဖေဖော်ဝါရီ ၆ ရက်နံနက် ၉ နာရီတွင် မကွေးတိုင်း ချောက်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လည်းကောင်း၊ နံနက်၉နာရီခွဲတွင် မကွေးတိုင်း ဆိပ်ဖြူမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ အစွန်အဖျားကျေးလက်ဒေသများသို့ပါ ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိအောင် ဆောင်ရွက်ရေး၊ ပြန်ကြားရေးလုပ်ငန်းများကို သွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ၂ နာရီခွဲတွင် ဆောမြို့နယ် ပုပ္ပကိုင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာလူထုများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး တိုက်တွန်းမှာကြားကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို လှူဒါန်းခဲ့သည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၄ နာရီတွင် ဆောမြို့နယ် လောင်းရှည်စံပြကျေးရွာသို့ရောက်ရှိပြီး ခမ္ဘာရုံခန်းမ၌ကျေးရွာပြည်သူလူထု၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာ ၂၇၄ စောင်ကိုလက်ခံရယူသည်။ ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးရွာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မှုအတွက် ငွေကျပ်တစ်သိန်း၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကျေးရွာစာကြည့်တိုက်အတွက်ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်စာတမ်းများ၊ ကျေးရွာပြည်သူလူထုအတွက် ဆပ်ပြာနှင့်အဝတ်အထည်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

### ပါဝင်ပူးပေါင်းဆောင်ရွက်

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့်ကဏ္ဍစုံတွင် ကြိုးပမ်းဆောင်ရွက်နေပုံ၊ ထိုသို့ဆောင်ရွက်သည့်အတွက်ယခုအခါဘက်စုံထောင့်စုံမှာ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများအတွက် အဘက်ဘက်မှအကျိုးပြုနေပုံ၊ ပြည်သူများကလည်း ကျေးရွာများပါမကျန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ငါးရပ်ကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုကြံ့ခိုင်နှင့် ဖွံ့ဖြိုးရေးအသင်းတို့နှင့် အတူ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပုံ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်ဖြင့် အကောင်အထည်ဖော်ရာတွင် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာ ပါဝင်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပုံတို့ကို အသေးစိတ်ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။**





**ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဖေဖော်ဝါရီ၆ ရက်က ဆောမြို့နယ် လောင်းရှည်စံပြကျေးရွာ ပြည်သူလူထုအား တွေ့ဆုံဆွေးနွေးမှာကြားစဉ်။**

**(သတင်းစဉ်)**

# အမေရိကန်နှင့်အပေါင်းပါတို့၏ကျူးကျော်မှုအောက်မှ အီရတ်မြင်ကွင်း

## အီရတ်ပြောက်ကျားတို့ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများ လစဉ်သေဆုံးခဲ့ရမှု

၂၀၀၃ ခုနှစ် မတ် ၂၀ ရက်မှ စ၍ အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ်ပြောက်ကျားများက ခုခံတိုက်ခိုက်ခဲ့ရာ သေဆုံးမှုများမှာ လစဉ် မြင့်တက်လာလျက် ရှိသည်။ အမေရိကန်နှင့် အပေါင်းပါတပ်များကို အီရတ် လက်နက်ကိုင်တပ်များ၏ ခုခံတိုက်ခိုက်မှုများမှာ လျော့မသွားဘဲ ဆက်လက်ပြင်းထန်နေဆဲ ဖြစ်သည်။



၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ကာဘာလာမြို့လမ်းများပေါ်တွင် အမေရိကန်နှင့် အပေါင်းပါတပ် များ အားပြန်လည် ခုခံတိုက် ခိုက် နေသော အီ ရတ်တိုက် ခိုက် ရေးသ မား များ ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



၂၀၀၃ခုနှစ် စက်တင်ဘာ ၁၅ ရက်က အီရတ်နိုင်ငံခါဒီယာမြို့၌ ချုံခိုတိုက်ခိုက်ခံရ၍ မီးလောင်နေသော အမေရိကန်စစ်ယာဉ်အနီးတွင် အီရတ်ပြည်သူများ အောင်ပွဲခံနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

### အီရတ်ပြောက်ကျားတို့ ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့်အပေါင်းပါများလစဉ်သေဆုံးခဲ့ရမှု

| လအမည် | အမေရိကန် တပ်ဖွဲ့ဝင် | ဗြိတိသျှ တပ်ဖွဲ့ဝင် | အပေါင်းပါ နိုင်ငံများ | စုစု ပေါင်း |
|---|---|---|---|---|
| ၂၀၀၃ခုနှစ် မတ်လ | ၆၅ | ၂၇ | ၀ | ၉၂ |
| ၂၀၀၃ခုနှစ် ဧပြီလ | ၇၃ | ၆ | ၀ | ၇၉ |
| ၂၀၀၃ခုနှစ် မေလ | ၃၇ | ၄ | ၀ | ၄၁ |
| ၂၀၀၃ခုနှစ် ဇွန်လ | ၂၉ | ၆ | ၀ | ၃၅ |
| ၂၀၀၃ခုနှစ် ဇူလိုင်လ | ၄၆ | ၁ | ၀ | ၄၇ |
| ၂၀၀၃ခုနှစ် ဩဂုတ်လ | ၃၅ | ၆ | ၂ | ၄၃ |
| ၂၀၀၃ခုနှစ် စက်တင်ဘာလ | ၃၁ | ၁ | ၁ | ၃၃ |
| ၂၀၀၃ခုနှစ် အောက်တိုဘာလ | ၄၂ | ၁ | ၂ | ၄၅ |
| ၂၀၀၃ခုနှစ် နိုဝင်ဘာလ | ၈၁ | ၁ | ၂၇ | ၁၀၉ |
| ၂၀၀၃ခုနှစ် ဒီဇင်ဘာလ | ၄၀ | ၀ | ၈ | ၄၈ |
| ၂၀၀၄ခုနှစ် ဇန်နဝါရီလ | ၄၅ | ၅ | ၀ | ၅၀ |
| ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ | ၆ | ၀ | ၁ | ၇ |
| စုစုပေါင်း | ၅၃၀ | ၅၈ | ၄၁ | ၆၂၉ |



၂၀၀၃ ခုနှစ် အောက်တိုဘာ ၈ ရက်က ဖော်လူဂျာမြို့၌ အီရတ်တို့တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အမေရိကန်စစ်ယာဉ် တစ်စီးပေါ်တက်၍ အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်နေကြသော အီရတ်တို့ကို တွေ့ရစဉ်။

(ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၃ ခုနှစ် အောက်တိုဘာ ၁၉ ရက်က ဖော်လူဂျာမြို့၌ အီရတ်ပြောက်ကျားတို့၏တိုက်ခိုက်မှုကြောင့် လက်နက်ခဲယမ်းများ တင်ဆောင်လာသော အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို အီရတ်တို့ကြည့်ရှုပြီး ပျော်ရွှင်နေစဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)








၂၀၀၃ ခုနှစ် စက်တင်ဘာ ၆ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ဘက် မိုဆူးလ်မြို့တွင် အမေရိကန် ဟမ်းဗီးယာဉ်တစ်စီး မြေမြှုပ်မိုင်းထိ၍ ပျက်စီးခဲ့စဉ်။ (ယင်းတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်

## ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **စိုက်ပျိုးရေး** | | |
| အသားတင်စပါးစိုက်ဧက | ၁၂၀၀၀၀၀ | ၁၅၈၀၀၀၀ |
| ဆည်တာတမံ | ၁၆ | ၃၇ |
| **စက်မှုကဏ္ဍ** | | |
| နိုင်ငံပိုင်စက်မှုဇုန် | – | ၁ (အင်းတကော်) |
| ပုဂ္ဂလိကစက်မှုဇုန် | – | ၁ (ခေတ္တရာ) |
| **လမ်း/တံတား** | | |
| ကတ္တရာလမ်းမိုင် | ၅၅၄ | ၅၈၄ |
| ကျောက်ချောလမ်းမိုင် | ၁၄၄ | ၁၉၁ |
| ပေ ၁၈၀အထက်တံတား | ၅၀ | ၆၄ |
| ပေ ၁၈၀အောက်တံတား | ၂၇၄၂ | ၃၂၆၇ |
| **ဆက်သွယ်ရေး** | | |
| စာတိုက် | ၆၅ | ၉၂ |
| ကြေးနန်းရုံး | ၁၇ | ၂၁ |
| အော်တိုအိတ်ချိန်း | ၃ | ၆ |
| အော်တိုတယ်လီဖုန်း | ၃၃၀၀ | ၁၂၄၂၅ |

### (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို



### သံရည်ကျိုအလုပ်ရုံ

ပဲခူးမြို့နယ် အင်းတကော်စက်မှုနယ်မြေ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနက ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့သည့် သံရည်ကျိုအလုပ်ရုံကို တွေ့ရစဉ်။

| ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ | ၁၉၈၈ | ၂၀၀၄ |
|---|---|---|
| **ပြန်ကြားရေး** | | |
| ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ | ၂ | ၄ |
| e-Library | ၁ | ၃ |
| စာကြည့်တိုက် | – | ၁၁၅ |
| **အခြေခံပညာရေး** | | |
| အထက်တန်းကျောင်း | ၈၀ | ၉၅ |
| အလယ်တန်းကျောင်း | ၁၈၁ | ၂၂၇ |
| မူလတန်းကျောင်း | ၃၄၅၀ | ၃၉၇၄ |
| **အဆင့်မြင့်ပညာရေး** | | |
| တက္ကသိုလ် | – | ၃ |
| ကောလိပ် | ၂ | ၆ |
| **ကျန်းမာရေး** | | |
| ဆေးရုံ(ခုတင်–၂၀၀) | ၁ | ၂ |
| ဆေးရုံ(၂၅ ခုတင်) | ၂ | ၄ |
| တိုက်နယ်ဆေးရုံ | ၃၇ | ၄၆ |
| ကျေးလက်ကျန်းမာရေးဌာန | ၇၇ | ၁၅၁ |
| ကျေးလက်ကျန်းမာရေးဌာနခွဲ | ၃၇၄ | ၄၀၈ |
| သူနာပြုသင်တန်းကျောင်း | ၁ | ၂ |



ပဲခူးတိုင်း ပြည်မြို့ရှိ ခုတင် (၂၀၀)ဆံ့အထူးကုဆေးရုံကြီး၏ အရေးပေါ်ဆေးကုဌာန အဆောက်အအုံကို တွေ့ရစဉ်။

### ကွင်းချောင်းတံတား

၂၀၀၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ဖွင့်လှစ်ခဲ့သည့် အရှည်ပေ ၃၀၀ ရှိသော ပဲခူးတိုင်း တောင်ငူခရိုင် ဖြူး မြို့နယ် ကညွတ်ကွင်းမြို့ရှိ ကွင်းချောင်း တံတားကို တွေ့ရ စဉ်။

(တံတားပေါ်တွင် တစ်ဖက် ၆ ပေစီ ကျယ်သည့် လူသွား လမ်းပါရှိသည်။ ခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ ဖြစ် သည်။)



# စည်းလုံးချစ်ကြည်ရွှေပြည်သစ်ဆီသို့



ငြိမ်းမင်းစံ

(မဟာအောင်မြေ)



# ဖွံ့ဖြိုးတိုးတက် မြန်မာ့ကျေးလက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဧရိယာစတုရန်းမိုင် ၂၆၁၂၂၈ ကျယ်ဝန်းပြီး တိုင်းရင်းသားလူမျိုး ၁၀၀ကျော် စုပေါင်းနေထိုင်သော နိုင်ငံတော်ဖြစ်သည်။ ပြည်နယ်ခုနစ်ခု၊ တိုင်းခုနစ်ခု၊ ခရိုင် ၆၄ခု၊ မြို့နယ် ၃၂၄ တို့ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူ ၅၃ သန်းကျော်မျှရှိရာ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တောရွာနေ ပြည်သူများဖြစ်သည်။ ပြည်သူအများစုနေထိုင်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှသာလျှင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အခြေခံကျသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုကြီး တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ကျေးလက်ဒေသမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို သက်ဆိုင်ရာမြို့ပေါ်ရှိ ဈေးကွက်များသို့ လွယ်လင့်တကူ ဈေးကွက်များသို့ရောက်ရှိလာအောင်**



**ကျေးရွာလမ်းများကို ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးရွာနှင့် မြို့ဆက်သွယ်သည့် ယခင်ဒီစတိတ်ကောင်စီလမ်းများကို ထိရောက်စွာပြုပြင်နိုင်ရေးအတွက် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသ တိုးတက်ကောင်းမွန်မှသာ သွားလာရေးအဆင်ပြေချောမွေ့ပြီး ကျေးလက်ဒေသနေပြည်သူအများစု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်၍ ကျေးလက်ဒေသလမ်းများကို တစ်ဆင့်ပြီးတစ်ဆင့် စီမံချက်ချ၍ ပြုပြင်ပေးရန် အလေးထားရမည်ဖြစ်ကြောင်း"** လမ်းညွှန် မှာကြားခဲ့သည်။

## ကျေးလက်ရေရရှိရေး ဆောင်ရွက်ပြီးစီးမှု

| ပြည်နယ်/တိုင်း | ၂၀၀၃–၂၀၀၄ခုနှစ် လျာထားချက်လုပ်ငန်း | ၁–၄–၂၀၀၃ မှ ၃၁–၁၂–၂၀၀၃အထိ ပြီးစီးမှု |
|---|---|---|
| စစ်ကိုင်းတိုင်း | ၂၄၅၄ | ၁၁၆၆ |
| မကွေး | ၁၄၆၉ | ၇၅၀ |
| မန္တလေး | ၄၁၁၉ | ၂၂၆၈ |
| ကျန်ပြည်နယ်/တိုင်းများ | ၁၅၁၈၃ | ၁၄၄၂ |
| **စုစုပေါင်း** | **၂၃၂၂၅** | **၅၆၂၆** |

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသလုပ်ငန်းစဉ် ငါးရပ်ဖြစ်သော (၁)လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ (၂)သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ (၃)ပညာရေးအဆင့်မြင့်တင်ရေး၊ (၄) ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးရေး၊ (၅) စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်တွင် အဓိကတာဝန်ဖြစ်သော ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကို ပထမဦးစားပေးဆောင်ရွက်ခဲ့ကြသည်။ ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကို သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။ မြို့ရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးလမ်းများ ကောင်းရန် လိုအပ်သည်။ စည်ပင်သာယာရေးဦးစီးဌာနအနေဖြင့်

၁၉၉၇–၉၈ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ကျေးလက်ဒေသများတွင် လမ်းတံတားများကို တိုးချဲ့ဖောက်လုပ်ခဲ့သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ဝင်ငွေထက်ဝက်ကျော်ဖြစ်သည့် ၅၅ရာခိုင်နှုန်းကို မြို့ပြနှင့် ကျေးလက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲခဲ့သည်။

၁၉၉၇–၉၈ခုနှစ်မှ ၂၀၀၀–၂၀၀၁ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း ကျေးလက်ကတ္တရာလမ်း ၂၈၁မိုင်၃ဖာလုံ၊ ကျောက်လမ်း ၁၃၀၅ မိုင် ၄ဖာလုံ၊ ဂဝံလမ်း ၇၀၃မိုင်၄ဖာလုံ၊ မြေလမ်း ၁၂၂၆ မိုင် ၅ ဖာလုံ စုစုပေါင်း ကျေးလက် လမ်း၃၅၂၉မိုင် ပြီးစီးခဲ့သည်။ စည်ပင်သာယာရေး အဖွဲ့များက ထည့်ဝင်ငွေ ကျပ် ၂၇၀၃ ဒသမ ၆၄ သန်း၊ ပြည်သူလူထုက လှူဒါန်းထည့်ဝင်ငွေကျပ် ၄၂၂ ဒသမ ၈၀ သန်း စုစုပေါင်း ငွေကျပ် ၃၁၂၆ ဒသမ ၄၄သန်း သုံးစွဲအကုန်အကျခံဖောက်လုပ်ခဲ့သည်။

ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေးအဖွဲ့များသည် ခရိုင်၊ မြို့နယ်များအတွင်း ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့တက်လမ်းများ၊ မြို့နယ်၊ ခရိုင်ပတ်လမ်းများဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ကြာကန်စုကျေးရွာနှင့် လှည်းကူးမြို့နယ် ငါးဆူတောင်ကျေးရွာတို့ကို ဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက်ကတ္တရာလမ်းခင်းနေသည်ကို ဤသို့တွေ့ရသည်။**



**ကျေးလက်နေပြည်သူများလူမှု... စေရေးအတွက် မကွေးတိုင်း အောင်... တွင် စည်ပင်သာယာရေးအဖွဲ့က ... ဆောက်လုပ်ပေးထားသည်။**



**ကျေးလက်နေပြည်သူများ လ... ချောမွေ့စေရေးအတွက် နိုင်ငံတေ... မြို့နှင့် ဇုတ်သုတ်ကျေးရွာသို့ ဆ... တံတားကို ဤသို့ တည်ဆောက်...**

# ကဏ္ဍသစ်ဖွင့်လှစ်ခဲ့သော မြန်မာ–အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနဲ့ပူးပေါင်းဆောင်ရွက်ရေး

**အောင်မိုးစံ**

ဒီကနေ့ နိုင်ငံတကာတွင် ကမ္ဘာနဲ့အဝန်း ဆက်စပ်ဖြစ်ပေါ်ပြောင်းလဲလျက် ရှိပါတယ်။ အဲဒီလို ပြောင်းလဲရာမှာ နိုင်ငံတကာ ချစ်ကြည်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ မဖြစ်မနေလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကနေ့ခေတ်ဟာ အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနဲ့ ခေတ်နောက်ကျ နိုင်ငံများအပေါ် ကျူးကျော်သိမ်းပိုက် ကျွန်ပြုမှု၊ စစ်အင်အားသုံး ကျူးကျော်ဝင်ရောက်မှု၊ နိုင်ငံတကာလုံခြုံရေးကို ခြိမ်းခြောက်ဗိုလ်ကျမှု၊ စစ်အုပ်စုဖွဲ့ပြီး ကြီးနိုင်ငယ်ညှဉ်း ကျင့်သုံးမှု စတဲ့ခေတ်ဆိုးစနစ်ဆိုးတွေကို နိုင်ငံတကာ လူ့အဖွဲ့အစည်းက တော်လှန်တိုက်ဖျက်လာခဲ့ကြလို့ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ကုလသမဂ္ဂအဖွဲ့ကြီးကို–

**(၁) စစ်ဘေးအန္တရာယ် ကင်းရှင်းပပျောက်စေရန်**

**(၂) တရားမျှတပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်လည်း ကိုက်ညီသည့် ငြိမ်းချမ်းရေး အခွန့်ရှည်စေရန်**

**(၃) ကြီးငယ်မဟူ နိုင်ငံတိုင်း၏ တန်းတူရည်တူရှိခွင့်ကို လေးစားကြရန်**

ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ စတင်ဖွဲ့စည်းတည်ထောင်လာခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံနဲ့ တရုတ်နိုင်ငံကြီး နှစ်ခုအကြား အချက်အချာနေရာမှာ တည်ရှိတဲ့နိုင်ငံဖြစ်ပြီး အိန္ဒိယ၊ တရုတ်နိုင်ငံကြီးများနဲ့ ဖြစ်စေ၊ အခြားသော အိမ်နီးချင်းနိုင်ငံများနဲ့ဖြစ်စေ ချစ်ကြည်ရင်းနှီးတဲ့ အိမ်နီးချင်းကောင်းပီသစွာ အစဉ်အလာမပျက် ဆက်ဆံလာခဲ့ပါတယ်။ အထူးသဖြင့် ကုလသမဂ္ဂရဲ့ ပဋ္ဌသီလဖြစ်တဲ့ တန်းတူရည်တူမူကြီး(၅)ရပ်အပေါ်မှာ မယိမ်းမယိုင် ခိုင်မြဲစွာ ရပ်တည်ကျင့်သုံးလာခဲ့ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဇနီးဒေါ်ကြိုင်ကြိုင်တို့ဟာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာအေပီဂျေ အဗ္ဗဒူလ်ကလမ်ရဲ့ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၅ရက်နေ့က အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး သွားရောက်ခဲ့ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နဲ့အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းရဲ့ ဇနီးဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နဲ့ ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနဲ့ ဇနီး ဒေါ်ခင်စောနှင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေရဲ့ ဇနီး ဒေါ်ခင်သက်ငွေ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်လက်ထောက်ဗိုလ်ချုပ်နေဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါသွားကြပြီး အောက်တိုဘာလ ၂၉ ရက်နေ့မှာ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

ဒီခရီးစဉ်ဟာ ၂၄ နှစ်အတွင်းပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် အကြီးအကဲရဲ့ ပထမဆုံး အိန္ဒိယနိုင်ငံ ခရီးစဉ်ဖြစ်သလို ၁၉၈၈ခုနှစ်နောက်ပိုင်း ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလာတဲ့ တပ်မတော်အစိုးရခေတ်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲရဲ့ ပထမဆုံး အိန္ဒိယနိုင်ငံ ခရီးစဉ်လဲ ဖြစ်ပါတယ်။ ဒီခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်ကြီးများဟာ နှစ်နိုင်ငံ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသအတွင်း တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးများကို ဆွေးနွေးခဲ့ကြပါတယ်။ ဒါ့အပြင် နိုင်ငံတကာရေးရာများကိုလဲ အမြင်ချင်း ဖလှယ်ခဲ့ကြပါတယ်။ နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကိုလဲ ထုတ်ပြန်ခဲ့ပါတယ်။

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့မှာ ချစ်ကြည်ရေးခရီးရောက်ရှိနေတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ်က အောက်တိုဘာလ၂၅ရက်နေ့ညနေပိုင်းက နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်မှာ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပါတယ်။

ခေါင်းဆောင်ကြီးနှစ်ဦးတို့ ညစာမသုံးဆောင်မီ သီးသန့်ခန်းမတွင် ရှေးဦးစွာ တွေ့ဆုံရာမှာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေအဗ္ဗဒူလ်ကလမ်က **"၂၄နှစ်တာကာလအတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ပါကြောင်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ အိန္ဒိယ–မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် နှစ်ပေါင်းရှည်ကြာစွာ ကောင်းမွန်ခဲ့သည့် ဆက်ဆံရေးဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ယခုချစ်ကြည်ရေးခရီးစဉ်ကြောင့် နှစ်နိုင်ငံ၏ ဆက်ဆံရေးကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း"** ပြောကြားခဲ့ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကလဲ **"မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ကြောင်း၊ ယင်းသဘာဝအရင်းအမြစ်များအနက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံနှင့် အတူ ပြည်ပနိုင်ငံများသည် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံက ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ ပေါင်းကူးနေရာတွင် တည်ရှိသည့် နိုင်ငံဖြစ်ရာ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အခြားအရှေ့တောင် အာရှနိုင်ငံများနှင့် စီးပွားကုန်သွယ်မှုများ ပြုနိုင်ကြောင်း"** ပြောကြားခဲ့ပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းကို အောက်တိုဘာလ၂၅ရက်နေ့ မွန်းလွဲ ၁၂နာရီခွဲမှာ နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite တွင် တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံရာမှာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက **"အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း မိမိတို့၏ အတတ်ပညာနှင့် အတွေ့အကြုံများကို ပေါင်းစပ်၍ မြန်မာနိုင်ငံ၏ လိုအပ်ချက်များကို ကူညီပေးသွားမည်ဖြစ်ကြောင်း"** ပြောကြားခဲ့ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလဲ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် ကဏ္ဍများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒီနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းတို့ဟာ Conference Room တွင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်ဆံမှုများကို ပိုမိုကျယ်ပြန့်အောင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တိုးချဲ့မည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်လိုသည့် အိန္ဒိယနိုင်ငံ၏ ကြိုးပမ်းမှုကို ထောက်ခံကြောင်း"** ပြောကြားခဲ့ပါတယ်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက **"မိမိတို့နှစ်နိုင်ငံ အစိုးရအနေဖြင့် နှစ်နိုင်ငံအကြားလည်းကောင်း၊ ဒေသဆိုင်ရာကိစ္စများတွင်လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး ဖောက်လုပ်ရေးစီမံကိန်းမှာလဲ မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ကို ဆက်သွယ်နိုင်မည့် ပူးပေါင်း ဆောင်ရွက်မှု အထိမ်းအမှတ်အဖြစ် တွေ့မြင်နိုင်မှာဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ငြိမ်းချမ်းတည်ငြိမ်ရေးတို့အတွက် မြန်မာနိုင်ငံနှင့် ကာလရှည်ကြာစွာ လက်တွဲသွားမည့် မိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားသည်ကို ထပ်မံအသိပေးလိုပါကြောင်း"**ဖြင့် ဆွေးနွေးပြောကြားသွားပါတယ်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ထမံသီ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ နားလည်မှုစာချွန်လွှာနဲ့ ပြည်ထောင်စု မြန်မာ နိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာ အစီအစဉ် (၂၀၀၄–၂၀၀၆) နားလည်မှုစာချွန် လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို Hyderabad House ခန်းမဆောင်မှာ ကျင်းပခဲ့ပါတယ်။

အောက်တိုဘာလ ၂၅ရက်နေ့မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်က နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite တွင် လာရောက် ဂါရဝပြုတွေ့ဆုံပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပါတယ်။ အဲဒီလို တွေ့ဆုံရာမှာ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်က **"အိန္ဒိယ–မြန်မာ နှစ်နိုင်ငံသည် ဘာသာရေးနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် တူညီမှုရှိကြသည့် နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို ယခုကဲ့သို့ပင် နောင်ကာလများ၌လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း"**ပြောကြားခဲ့ပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး ချစ်ကြည်ရေးခရီး အပြန်အလှန်သွားလာခြင်းဖြင့် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး ကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့ကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ အကျိုးတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း"**ဖြင့် ပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E Shri L.K Advani က အောက်တိုဘာလ ၂၆ရက်နေ့နံနက်၉နာရီတွင် နယူးဒေလီမြို့ရှိ The Oberoi Hotel အခန်းအမှတ် (၈၁၆)တွင် လာရောက် တွေ့ဆုံခဲ့ပါတယ်။

အဲဒီလို တွေ့ဆုံရာမှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ နယ်စပ်ဒေသများပါမကျန် တည်ငြိမ်အေးချမ်းမှုများ ရရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလဲ ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် မိမိတို့စနစ်တကျ တည်ဆောက်လျက်ရှိကြောင်း"**ဖြင့် ပြောကြားခဲ့ပါတယ်။

အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် H.E Shri L.K. Advani က **"မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် စနစ်တကျ တည်ဆောက်ပေးနေမှုများကို မိမိနားလည်သိရှိ သဘောပေါက်ပါကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံဖြစ်ရေးအတွက် နှစ်ပေါင်းများစွာ အချိန်ယူ၍ တည်ဆောက်ခဲ့ရကြောင်း၊ ဒီမိုကရေစီနိုင်ငံဖြစ်အောင် ချက်ချင်းဆောင်ရွက်၍ မရကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဒီမိုကရေစီနိုင်ငံဖြစ်ရေး ဆောင်ရွက်ရာတွင် အခြေအနေချင်း တူညီကြမည်မဟုတ်ကြောင်း၊ အိန္ဒိယနိုင်ငံရှိ ဆန့်ကျင်သည့် အဖွဲ့များအား မြန်မာနိုင်ငံက လက်ခံခြင်းမပြုသည်ကို ကျေးဇူးတင်ရှိကြောင်း"** ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါတယ်။

အခုလို မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မြဲတိုးတက်လာနေမှုဟာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ရဲ့ အောက်တိုဘာလ ၂၅ရက်မှ အောက်တိုဘာလ၂၉ရက်အတွင်း အိန္ဒိယနိုင်ငံခရီးစဉ်ရဲ့ အောင်မြင်မှုကို ဖော်ပြနေပါတယ်။ ဒီခရီးစဉ်မှာ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်နေတဲ့ မြန်မာနိုင်ငံအပေါ် အိန္ဒိယနိုင်ငံ ခေါင်းဆောင်များရဲ့ ထောက်ခံအားပေးမှုကို ကျေနပ်ဖွယ်ရာ ရရှိခဲ့ပါတယ်။

အိန္ဒိယနိုင်ငံဟာ အာရှမှာ FDI လက်ခံရရှိတဲ့ ထိပ်ဆုံးလေးနိုင်ငံစာရင်းမှာ ပါဝင်လာပါတယ်။ အိန္ဒိယနိုင်ငံဟာ ၂၀၀၃ခုနှစ်တွင် FDI ဒေါ်လာ ၄ဒသမ၂၆ဘီလီယံ လက်ခံရရှိခဲ့ပြီး ၂၀၀၂ခုနှစ်ကထက် ၂၄ရာခိုင်နှုန်း တိုးတက်ခဲ့တယ်။ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြားအရင်းအနှီးဝင်ရောက်မှု ထိပ်ဆုံး ၁၀နိုင်ငံ စာရင်းဝင်ဖြစ်လာတယ်လို့ ဆိုပါတယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့ဟာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်သွားမယ်လို့ အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီး နတဝါဆင်းက မကြာသေးခင်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဒါကြောင့် တည်ငြိမ်အေးချမ်းစွာ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေတဲ့ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်တွေအပေါ် မျက်ကွယ်ပြုပြီး အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေက ပျက်စီးရာပျက်စီးကြောင်း စီးပွားရေးပိတ်ဆို့နေပေမယ့် **မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို စာနာနားလည်တဲ့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနဲ့အာရှနိုင်ငံများ၊ နိုင်ငံတကာမှ သမာသမတ်ကျတဲ့ နိုင်ငံများဟာ မြန်မာနိုင်ငံအပေါ်မှာ အပြုသဘော ဆက်ဆံရေးတွေ ပိုမိုတိုးမြှင့် ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးကို အကြောင်းပြုပြီး ကမ္ဘာ့ဈေးကွက်ကြီး စည်ပင်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။**

မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေမှန်ကို စာနာနားလည်တဲ့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနဲ့အာရှနိုင်ငံများ၊ နိုင်ငံတကာမှ သမာသမတ်ကျတဲ့ နိုင်ငံများဟာ မြန်မာနိုင်ငံအပေါ်မှာ အပြုသဘော ဆက်ဆံရေးတွေ ပိုမိုတိုးမြှင့် ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာ ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးကို အကြောင်းပြုပြီး ကမ္ဘာ့ဈေးကွက်ကြီး စည်ပင် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

"နိုင်ငံတစ်နိုင်ငံရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အကြောင်းရင်းဟာ ကုန်ထုတ်ကုန်သွယ်မှုပေါ်မှာ တည်တယ်လို့ လူမှုသိပ္ပံပညာရှင်တို့က ဆိုပါတယ်။ အကြောင်းကတော့ လူ့သမိုင်းတွင် Social Division of Labour လူမှုအလုပ်ခွဲဝေမှုပေါ်ပေါက်လာတဲ့အချိန်ကစပြီး ကုန်ထုတ်ကုန်သွယ်မှု စတင်ထွန်းကား တိုးတက်လာလို့ ဖြစ်ပါတယ်။

"လူ့အဖွဲ့အစည်းအတွင်း အလုပ်ခွဲဝေလုပ်ကိုင်မှုဟာ လူ့လုပ်အားကို အနန္တ ကုန်ထုတ်စွမ်းအားတွေ အပ်နှင်းထားပြီး အသိဉာဏ်အတွေ့အကြုံဘဏ္ဍာတိုက်ကို အဆက်မပြတ် အသစ်အသစ်တွေနဲ့ ဖြည့်ဆည်းကြွယ်ဝလာစေတယ်။ အလုပ်ခွဲဝေမှု ကျယ်ပြန့်လာလေလေ လူရဲ့အသိအလိမ္မာ ဆင်ခြင်တုံတရားတွေနဲ့ အတွေ့အကြုံဗဟုသုတတွေ ရင့်ကျက်မြင့်မားလာလေလေ ဖြစ်တယ်။ ဒီအခါ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတွေလဲ ထွန်းကားဝေဆာလာလေ့ရှိတယ်" လို့ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒတရားက ဆိုပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်တဲ့ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ရဲ့ အိန္ဒိယသမ္မတနိုင်ငံခရီးစဉ်ဟာ အောင်မြင်စွာ ကဏ္ဍသစ်ဖွင့်လှစ်ခဲ့သော မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနဲ့ပူးပေါင်းဆောင်ရွက်ရေးကို ဖော်ညွှန်းနေရုံသာမက ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ အကျိုးသက်ရောက်လာမယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

# ရခိုင်ပြည်နယ်သည် ရေမြေသဘာဝသယံဇာတ အခြေအနေကောင်းသောဒေသဖြစ် ဖိဖိစီးစီးဆောင်ရွက်က ဒေသခံပြည်သူများ ဝင်ငွေတိုးတက်လာပြီး ပြည်နယ်တစ်ခုလုံး ပိုမိုဖွံ့ဖြိုးလာမည်





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ်အစည်းအဝေးခန်းမတွင် ရခိုင်ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)**

■ ရွှေဖုံးမှ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နိုဝင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

**ကြိုဆို**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ရခိုင်ရိုးရာစည်တော်အဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့ဝင်များက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တွေတပ်နယ် အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ရခိုင်ပြည်နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ လူဦးရေ၊ မြေအသုံးချမှု၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့ကို ပဏာမရှင်းလင်းတင်ပြသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် စစ်တွေတပ်နယ်အစည်းအဝေး ခန်းမတွင် ရခိုင် ပြည်နယ်မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)**

ဆက်လက်၍ တိုင်းမှူးက ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ခရိုင်နှင့် မြို့နယ်များအလိုက် ပလပ်မြေ၊ မြေရိုင်းဖော်ထုတ်စိုက်ပျိုးနိုင်မှု၊ မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးနိုင်မှု၊ ဒေသဆန်ဖူလုံပိုလျှံမှု၊ ပဲအမျိုးမျိုးနှင့် မီးဖိုချောင်သုံး သီးနှံများစိုက်ပျိုးထုတ်လုပ်မှု၊ ရော်ဘာနှင့် ငရုတ်ကောင်း တိုးချဲ့စိုက်ပျိုးနေမှု၊ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေတို့ကိုလည်းကောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရခိုင်ပြည်နယ်၌ စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဝန်ကြီးဌာနက မျိုးကောင်းမျိုးသန့်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်က တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သော လမ်းတံတားများအခြေအနေ၊ ဆက်လက်တည်ဆောက်ပေးနေသည့် လမ်းတံတားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ဖွံ့ဖြိုးတိုးတက်မှု**

ထို့နောက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဝန်ကြီးဌာနက ပံ့ပိုးဖြည့်ဆည်းပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ရခိုင်ပြည်နယ်၌ ဆက်လက်တိုးချဲ့ ဆောင်ရွက်ပေးရန်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတို့ကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ရခိုင်ပြည်နယ်၏ နယ်စပ်ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရခိုင်ပြည်နယ်၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုနှင့်အတူ ဟိုတယ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်သွယ်ရေးလုပ်ငန်းများကို အဆင့်အလိုက် တိုးချဲ့ဆောင်ရွက်ပေးသွားမည့် အစီအမံများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရခိုင်ပြည်နယ်အတွင်း စက်မောင်းဆီဖြန့်ဖြူးပေးနေမှုနှင့် ကမ်းလွန်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ အောင်မြင်မှုအလားအလာများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။



**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ် ဌာန ချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)**

## ရော်ဘာ၊ ငရုတ်ကောင်းစသည့် အမယ်သစ် (အမည်သစ်) ထုတ်ကုန်များတိုးချဲ့စိုက်ပျိုး

- ❐ ရခိုင်ပြည်နယ်သည် ရေမြေသဘာဝ သယံဇာတအခြေအနေကောင်းသော ဒေသဖြစ်၍ ဖိဖိစီးစီး ကြိုးစားဆောင်ရွက်လိုက်ပါက ဒေသခံပြည်သူများ၏ ဝင်ငွေ တိုးတက်လာပြီး ပြည်နယ်တစ်ခုလုံးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်း၊ အခြေခံကောင်းသော နယ်မြေဖြစ်သည်နှင့်အညီ အလားအလာကောင်းသော လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင်၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးစားအားထုတ်ရမှာဖြစ်သကဲ့သို့ ရော်ဘာ၊ ငရုတ်ကောင်း စသည့် အမယ်သစ်(အမည်သစ်)ထုတ်ကုန်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးစားအားထုတ်၊
- ❐ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်ကို ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိရာ၌ တိုးတက်အောင်မြင်မှု အသီးအပွင့်များရရှိနေ၊
- ❐ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူ၍ ဆက်လက် အကောင်အထည်ဖော်သွားမည်၊
- ❐ ရခိုင်ပြည်နယ်၌ စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဝန်ကြီးဌာနက မျိုးကောင်းမျိုးသန့်များ ပံ့ပိုးဖြည့်ဆည်းပေး။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားရေးမူဝါဒများနှင့်အညီ နိုင်ငံတော်ကို ပြန်လည်ပြုပြင်တည်ဆောက် လျက်ရှိရာ၌ တိုးတက်အောင်မြင်မှု အသီးအပွင့်များရရှိနေပုံ၊ စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်း ရေးလုပ်ငန်းကို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူ၍ ဆက်လက် အကောင်အထည်ဖော်သွားမည့်အခြေအနေ၊ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

နယ်မြေဖြစ်သည်နှင့်အညီ အလားအလာကောင်းသော လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့ကို ဖွံ့ဖြိုးတိုးတက်အောင်၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း များရရှိအောင် ကြိုးစားအားထုတ်ရမှာဖြစ်သကဲ့သို့ ရော်ဘာ၊ ငရုတ်ကောင်း စသည့် အမယ်သစ်(အမည်သစ်) ထုတ်ကုန်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ် နိုင်အောင် ကြံစည်အားထုတ်သွားကြရန် လိုအပ်ကြောင်း။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)





စာသင်ဆောင်တည်ဆောက်ပြီးစီးမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နည်းပညာကောလိပ်၏ အဆောက်အအုံများကို သပ်သပ်ရပ်ရပ် ခိုင်ခိုင်ခံ့ခံ့တည်ဆောက်ရန် မှာကြားပြီး အစိုးရနည်းပညာကောလိပ်(စစ်တွေ)ပုံစံငယ်ကိုလည်းကောင်း၊ ပင်မဆောင် တည်ဆောက်ထားရှိမှုနှင့် ပတ်ဝန်းကျင်ရှိ စာသင်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံသည်။

**အလှူငွေများ ပေးအပ်လှူဒါန်း**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**အမှာစကား ပြောကြား**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စစ်တွေတပ်နယ်ရှိ ဗန္ဓုလခန်းမ၌ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန် မှာကြားရာတွင် ရခိုင်ပြည်နယ်သို့ မိမိ ယခုကဲ့သို့ရောက်ရှိလာခြင်းသည် ပြည်နယ်၏အခြေအနေအရပ်ရပ်ကို လေ့လာသိရှိပြီး ပိုမို တိုးတက်ကောင်းမွန် သည်ထက် ကောင်းမွန်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

**ထူးခြားသောအခြေအနေ**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူချိန်မှစ၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး၊ တိုင်းရင်းသားလူမျိုးအားလုံး ဖြစ်နိုင်သမျှ မျှမျှတတ အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့်ခံယူချက်ဖြင့် ကြိုးကြိုးစားစား အားထုတ်လုပ်ကိုင်လျက်ရှိကြောင်း။

မိမိတို့ နိုင်ငံတော်ရှိ ဒေသအားလုံးသည် ယေဘုယျအားဖြင့် အခြေခံ အချက်များ တူညီမှုများရှိကြသော်လည်း ဝိသေသအားဖြင့် ဒေသတစ်ခုနှင့် တစ်ခု မတူညီသည့် ထူးခြားသော အခြေအနေများလည်း ရှိကြကြောင်း။

ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြံနိမ့်မြင့် ကွာဟချက်များလျော့နည်း ကျဆင်းပြီး ဒေသအားလုံး တတ်နိုင်သမျှ မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာ စေရန်မှာ နယ်မြေအလိုက်ဖြစ်ပေါ်တည်ရှိနေသော ထူးခြားသည့် သဘာဝ အခြေခံများကို မှန်မှန်ကန်ကန်ဖော်ထုတ်၍ အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ရေမြေသဘာဝ သယံဇာတများ၏ အခွင့်အလမ်းပေးမှုများကို လူ့လုပ်အားဖြင့် မှန်မှန်ကန်ကန် ထိထိရောက်ရောက် ပေါင်းစပ်အသုံးချ နိုင်မှသာ တိုးတက်ဖွံ့ဖြိုးမှုရရှိမှာ ဖြစ်ကြောင်း။

**တီထွင်ကြံဆ**

ထို့ကြောင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများသည် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်ရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားရေးတို့အတွက် မိမိတို့ဒေသအတွင်းရှိ သဘာဝသယံဇာတ များကို အပြည့်အဝအသုံးချလာနိုင်အောင် တီထွင်ကြံဆမှုများဖြင့် ဦးဆောင် ဦးရွက်ပြုနေရမှာဖြစ်ကြောင်း၊ ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒေသအလိုက် ဆင်းရဲနွမ်းပါးမှု အခြေအနေများသည် လျော့နည်းကျဆင်း သွားမှာဖြစ်ပြီး ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမှာ ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝ သယံဇာတအခြေအနေကောင်းသော ဒေသဖြစ်၍ ဖိဖိစီးစီး ကြိုးစားဆောင်ရွက်လိုက်ပါက ဒေသခံပြည်သူများ၏ ဝင်ငွေ တိုးတက်လာပြီး ပြည်နယ်တစ်ခုလုံးသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်း၊ အခြေခံကောင်းသော



**တိုးချဲ့စိုက်ပျိုး**

ရခိုင်ပြည်နယ်၏ သဘာဝမြေအနေအထားနှင့် မိုးရွာသွန်းမှု အခြေအနေ တို့အရ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း၊ ရော်ဘာသည် ယနေ့ ပြည်ပ ဈေးကွက်တွင် ဈေးကောင်းရရှိလျက်ရှိပြီး ခေတ်အဆက်ဆက် ဈေးကွက်ရှိသဖြင့် မတိမ်ကောနိုင်သည့် စက်မှုကုန်ကြမ်းအမျိုးအစားဖြစ်ကြောင်း၊ ရော်ဘာကို တစ်အုပ်တစ်မ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ပြည်ပဝင်ငွေရရှိနိုင်သည့်အပြင် ပြည်နယ်အတွင်းရှိ လူတစ်ဦးချင်း၏ ဝင်ငွေသည်လည်း သိသိသာသာ တိုးတက်လာမှာဖြစ်ကြောင်း၊ ငရုတ်ကောင်းစိုက်ပျိုးမှုမှာ ပြည်နယ်အတွင်း အခြေခံရရှိပြီးဖြစ်၍ ထပ်မံအားထည့်တိုးချဲ့ စိုက်ပျိုးသွားကြရန် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အစိုးရနည်း ပညာကောလိပ်(စစ်တွေ)သို့ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဒုတိယ ဝန်ကြီး ဦးကျော်စိုး၊ ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

**အစိုးရနည်းပညာကောလိပ်(စစ်တွေ)**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကောလိပ်ခန်းမ ဆောင်၌ ကျောင်းအုပ်ကြီး ဦးတင်ဝင်းက အစိုးရနည်းပညာကောလိပ်၏ သင်ကြားစီမံကိန်းစုရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တည်ဆောက်ရေး တာဝန်ခံ ဦးမောင်ချိုက အစိုးရနည်းပညာကောလိပ်(စစ်တွေ)၏ ပင်မသုံးထပ်

**ပဏာမရှင်းလင်းပြောကြား**

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်တွင်းတပ်ပြင် စည်းရုံးရေးကိစ္စများကို ရှင်းလင်းမှာကြားပြီး အရာရှိ၊စစ်သည်နှင့် မိသားစုများအား ရင်းနှီးစွာအားပေးနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ စစ်တွေရှုခင်းသာသို့ရောက်ရှိသည့်အခါ စစ်တွေမြို့ ပတ်ဝန်းကျင်ရှုခင်းများကို ရှုခင်းသာစခန်းမှနေ၍ ကြည့်ရှုကြသည်။

**ကပ်လှူပူဇော်**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ကြပြီး ရှေးဦးစွာ အရှေ့ဘက် မုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော် အတွက် လှူဒါန်းငွေများကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လောကာနန္ဒာ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အောင်စကြာမုနိသိမ်တော်ကြီးရှိ အောင်စကြာမုနိဗုဒ္ဓ ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီးလှူဒါန်းငွေများကို ဂေါပကအဖွဲ့သို့ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

# အားလုံးအတွက် ဒီဇင်ဘာ(၁)ရက်

## မသက်ဆွေ(သရက်)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၈ခုနှစ် ဒီဇင်ဘာလ ၁ရက်နေ့ကို ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်မှာ ယခုနှစ်ဆိုလျှင်(၁၇)နှစ်မြောက်ခဲ့လေပြီ။ နှစ်စဉ်၊နှစ်တိုင်း သီးသန့်ဆောင်ပုဒ်များရှိခဲ့ပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ"Women, Girls, HIV and AIDS" ဖြစ်ပါသည်။ မြန်မာလိုမှာ**"အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများ ဘဝမြှင့်တင်စို့"** ဖြစ်ပါသည်။

အမျိုးသမီးများသည် လူ့ဘောင်အဖွဲ့အစည်းအတွက် အလွန်အရေးကြီးပါသည်။ ကျွန်မတို့ မြန်မာအမျိုးသမီးများသည် ဤအချက်ကို များစွာသတိချပ်ရန် လိုပါသည်။ မိမိဘဝသည် မည်မျှ အဖိုးတန်သည်၊ မည်မျှအရာရောက်သည်ကို တွေးတောဆင်ခြင်အပ်လှပေသည်။

ကျွန်မတို့ငယ်စဉ် ဆယ်ကျော်သက်ဘဝ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကျော်ကျော်မှာတော့ အမျိုးသမီးကြီးတွေရဲ့ ခံစားချက်၊ ခံယူချက်သည် အားရစရာ သိပ်မကောင်းပါ။ ဤသည်မှာ အများအားဖြင့် ဖြစ်ပါသည်။ သူတို့သည် ကိုယ့်ကိုယ်ကိုအလွန် အောက်ကျနောက်ကျနိုင်လွန်းသည်ဟု ညည်းညူလေ့ရှိကြပါသည်။ အိမ်ထောင်ထိန်းသိမ်းခြင်း၊ အလုပ်လုပ်ရခြင်းဖြင့် လင်ယူသားမွေး၊ ထမင်းချက်၊ အဝတ်လျှော်ဘဝက မတက်ရတော့ပါလို့ ဝမ်းနည်းကြပါသည်။ အမှန်မှာ အမျိုးသမီးဖြစ်ရခြင်း၏ အမြင့်မားဆုံးတာဝန်သည် အိမ်ထောင်သားမွေးခြင်း ဖြစ်ပါသည်။ ရိုးစင်းစွာ တွေးကြည့်ပါလျှင် အမျိုးသမီးများသာ သားမမွေးလျှင် လူ့လောကကြီး ဘယ်လိုဆက်လက် ရှင်သန်နိုင်ပါမည်လဲ။ ပြီးတော့"The hands that rock the credle rule the world "ဆိုတဲ့အတိုင်း **"ပုခက်လွှဲသော မိခင်ရဲ့လက်သည် ကမ္ဘာကိုအုပ်စိုးသည်"**ဟု အဆိုရှိပါသည်။ အမျိုးသမီး ဆိုသည်မှာ ကမ္ဘာနှင့်ချီပြီး အရေးကြီးလှပါသည်။ အိမ်ထောင်တစ်ခု အနေဖြင့် ပြောရလျှင်ပင် အမျိုးသမီးများ အရေးပါပုံသည် ထင်ရှားပါသည်။ လောကကြီး၌ ယောကျာ်းများသည် ဘဝမှာ ဦးစီးဦးဆောင်ပြု၍ အဆုံးအဖြတ် ပေးကြပါသည်။ လင်ယောကျာ်းဆိုသည်မှာ အထူးသဖြင့် ကျွန်မတို့ မြန်မာ အမျိုးသမီးများအတွက် အိမ်ထောင်ဦးစီး အိမ်ဦးနတ်ပါပဲ။ မငြင်းနိုင်ပါ။ သို့သော် အဲဒီအိမ်ထောင်ကြီးရဲ့ ပျော်ရွှင်မှုကိုတော့ အမျိုးသမီး ဇနီးကပဲ ဆောင်ရွက်ပေးနိုင်ပါသည်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံးရှိ အိမ်ထောင်သည်များရဲ့ အောင်မြင်မှု၊ ရှုံးနိမ့်မှုများကို ယေဘုယျအားဖြင့် လေ့လာကြည့်ပါ။ အများအားဖြင့် ဤသဘောတရားမှန်ကန်ကြောင်း တွေ့ရပါလိမ့်မည်။ ဥပမာ-အဖမဲ့သောအိမ်ထောင်နှင့် အမိမဲ့သောအိမ်ထောင်ကိုပဲ ယှဉ်ကြည့်ပါ။ ရာထူးဂုဏ်သိမ် စည်းစိမ်ဥစ္စာအင်အား၊ ပျော်ရွှင်မှုအင်အား များစွာ ကွာခြားပါသည်။ များသောအားဖြင့် ပျော်ရွှင်စွာ အောင်မြင်သော အလုပ်တာဝန်ဝတ္တရား ကျေပွန်နိုင်သော ယောကျာ်းတစ်ယောက်ရဲ့ နောက်မှာ လည်း လိမ္မာသော ဇနီးတစ်ယောက်အမြဲ ရှိတတ်ပါသည်။ လောကတွင် ခြွင်းချက်များတော့ ရှိတတ်ပါ၏။ ကံ ကံ၏ အကျိုးပေးများကိုလည်း ပစ်ပယ်လို့ မရပါ။ ထိုကဲ့သို့ပင် အမှန်တရား၊ သဘာဝတရားကိုလည်း ပစ်ပယ်၍မရပါ။

အခြေခံအားဖြင့် ဘဝပေး အဆင့်မြင့်မားသော၊ တာဝန်ဝတ္တရားအားဖြင့် အရေးကြီးလှသော အမျိုးသမီးများသည် မိမိဘဝကို ပို၍မြင့်မားရန်သာ အားထုတ်သင့်သည်။ အားထုတ်ကြရပါမည်။

ထိုအခါ မိမိတို့အမျိုးသမီးများသည် အေအိုင်ဒီအက်စ် ကင်းစင်ဖို့ အမျိုးသမီးဘဝကို မည်သို့မည်ပုံ မြှင့်တင်ကြပါမည်လဲ။ နည်းလမ်းရှိပါသည်။ မိမိတို့က စိတ်ပါဝင်စားစွာ လေ့လာလုပ်ဆောင်ကြရန်သာ လိုပါသည်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် အိမ်ရှင်မများ၊ အမျိုးသမီးများအတွက် သည်ကိစ္စနှင့် ပတ်သက်ပြီး အားထားရာနေရာ ဖြစ်သည်။

အိမ်ရှင်မများ အမျိုးသမီးများအတွက် ဘဝတစ်သက်တာသင်ခန်းစာများကို ပို့ချလျက်ရှိသည်။ ထိုသင်တန်းများအကြောင်းကို မေးမြန်းစုံစမ်းကြပါ။ များစွာအကျိုးရှိသည်။

ထိုသင်တန်းများမှ အိမ်ရှင်မများကို HIV, AIDS များအကြောင်း သိကောင်းစရာများ၊ ဆောင်ရန်ရှောင်ရန်များကို သင်ကြားပေးပါလိမ့်မည်။

အမျိုးသမီးဘဝ၊ အိမ်ရှင်မဘဝမှာ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် အသိပညာများ အတတ်ပညာများကို သင်ကြားပေးပါလိမ့်မည်။

ရပ်ကွက်တိုင်းတွင်ရှိသော နှစ်သိမ့်ဆွေးနွေးသည့်ဌာနများတွင် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းအားဖြင့် ကိုယ့်ဘာသာကိုယ်ပင် မသိခဲ့သော ကိစ္စများကို မြင်လာပါလိမ့်မည်။

မှန်ကန်သော၊ ခိုင်မာသော ဆုံးဖြတ်ချက်များ ချနိုင်ခြင်းအားဖြင့် နေပျော်သော ဘဝကို ပိုင်ဆိုင်လာနိုင်ပါလိမ့်မည်။

HIV, AIDS နှင့်ဆက်နွှယ်သော အခြားသော TB စသည့် ရောဂါဝေဒနာများအကြောင်းကိုလည်း နားလည်သဘောပေါက်လာနိုင်သည်။

HIV နှင့် AIDS ဝေဒနာများအကြောင်းရင်းခံ အကြောင်းရင်းမှန်ကို သိရှိလာပြီး ရောဂါသည်များကို အချစ်မဝင်နိုင်သည့်တိုင် အပြစ်မြင်ခြင်းမှ လျော့နည်းလာပြီး စာနာတတ်လာပါလိမ့်မည်။

ဝေဒနာရှင်များကို ပြုစုစောင့်ရှောက်ပုံ၊ စောင့်ရှောက်နည်းကိုလည်း သင်ကြားပေးပါလိမ့်မည်။

ဤသို့အားဖြင့် မိသားစုဘဝ ကစဉ့်ကလျားမဖြစ်ဘဲ ခွင့်လွှတ်သည်းခံစိတ်နှင့် ကျန်းမာရေးကို ပိုမိုဂရုစိုက်ရန်လည်း ဤသင်တန်းများမှ သင်ကြားပေးပါလိမ့်မည်။

အမျိုးသမီးများသည် ပေါ့ပေါ့တန်တန် မနေသင့်ပါ။ ထမင်း၊ ဟင်းချက်ရသည်ကို အောက်ကျသည် မထင်ပါနှင့်။ ကိုယ်ချက်ကျွေးမှသာ သူတို့စားရတာလို့သာ စိတ်ကိုမြှင့်ကြပါ။ ကိုယ်အဝတ်လျှော်ပေးလို့သာ သူတို့ ဝတ်ရရှာတာ၊ ကိုယ်မီးပူတိုက်ပေးလို့သာ သူတို့သပ်ရပ်ရရှာတာ၊ ကိုယ်သန့်ရှင်းရေးလုပ်လို့သာ သူတို့ ကျန်းမာရတာ၊ အို- ကိုယ်ဘယ်လောက် အရေးကြီးလိုက်ပါသလဲ။ ကိုယ်သည် မိသားစုအတွက် အလွန်အရေးပါစွာ အလုပ်လုပ်ပေးနေရပါလားလို့သာ စိတ်ကိုမြှင့်ထားပါက ထိုအမျိုးသမီးသည် ဧကန်မုချ ပျော်ရွှင်ရမှာပါပဲ။ ကိုယ့်ကိုယ်ကို အသာစီးကဲ့သို့ သဘောထားလျှင် အောက်ကျနောက်ကျသိမ်ငယ်စိတ်မရှိသည့်ဘဝကို ပိုင်ဆိုင်ကြမည်မှာ မုချ။

UNICEFမှ ထုတ်ဝေဖြန့်ချိသော အိမ်ရှင်မများအတွက် ဘဝတစ်သက်တာသင်ခန်းစာနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် အမေးအဖြေစာအုပ်သည် အိမ်တိုင်းတွင် ရှိသင့်သော စာအုပ်ဖြစ်သည်။

စိန်၊ ရွှေ၊ ရတနာ ဥစ္စာစည်းစိမ် မြင့်မားစွာရှိတိုင်း ဘဝမမြင့်မားပါ။ တတ်နိုင်သမျှ ဗဟုသုတရှာမှီးခြင်းအားဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာကို အကျိုးပြုခြင်းသည်သာ ဘဝကို အမှန်တကယ် မြင့်မားစေသည်။

ယခုကာလတွင် မြန်မာနိုင်ငံ၌ စာမတတ်သူများ အလွန်နည်းနေပါပြီ။ စာတတ်သူများ စာဖတ်ကြရန်လိုသည်။ စာတတ်ပြီး စာမဖတ်ကြလျှင် စာမတတ်သည်နှင့် မထူးခြားလှပါ။

**ဗဟုသုတပြည့်စုံမှု၊ အသိဉာဏ်ရှိမှု၊ အရေအတွက်မှ အရည်အချင်းသို့ ရောက်မှ အမျိုးသမီးများဘဝသည် မြင့်မားလာပါလိမ့်မည်။ ထိုသောအခါ ကျန်းမာပျော်ရွှင် ချစ်ခင်ကြင်နာ သော မိသားစုဘဝကို ပိုင်ဆိုင်ရလိမ့်မည်။**

**ထိုမိသားစုဘဝမျိုး၊ ထိုမိသားစုဘဝများ ပိုင်ဆိုင်ရန်အတွက် HIV နှင့် AIDS ကင်းစင်ရန် လိုပါလိမ့်မည်။**

ဆင်းရဲချမ်းသာမရွေး အမျိုးသမီးများသည် အမျိုးသမီးဟူသည့် သဘာဝအားဖြင့်တော့ တူညီကြသည်သာ။ ထိုတူညီသော အမျိုးသမီးအားလုံး၌ ကိုယ်ပိုင်ဂုဏ်များ ရှိကြသည်။ ကိုယ့်မှာရှိသည့် ဂုဏ်များကို သိကြဖို့တော့ လိုပါလိမ့်မည်။ ထိုဂုဏ်များကို စဉ်းစားပါ။ လေ့လာပါ။ လုပ်ဆောင်ပါ။ အမှတ်တမဲ့မနေကြရန် လိုသည်။

**ဗဟုသုတပြည့်စုံမှု၊ အသိဉာဏ်ရှိမှု၊ အရေအတွက်မှ အရည်အချင်းသို့ ရောက်မှ အမျိုးသမီးများဘဝသည် မြင့်မားလာပါလိမ့်မည်။ ထိုသောအခါ ကျန်းမာပျော်ရွှင် ချစ်ခင်ကြင်နာသော မိသားစုဘဝကို ပိုင်ဆိုင်ရလိမ့်မည်။**

**ထိုမိသားစုဘဝမျိုး၊ ထိုမိသားစုဘဝများ ပိုင်ဆိုင်ရန်အတွက် HIV နှင့် AIDS ကင်းစင်ရန် လိုပါလိမ့်မည်။**

အေအိုင်ဒီအက်စ်ရောဂါဆိုသည်မှာ ဖြစ်ပြီးလျှင် ကုရာနတ္ထိ ဆေးမရှိ။ ထိုရောဂါမှ ကင်းစင်ဖို့ဆိုသည်မှာ ရောဂါမဖြစ်ရန်ကို ဆိုလိုသည်။ ရောဂါမဖြစ်ရန် ကြိုတင်ကာကွယ်ရန်လိုသည်။ ကြိုတင်ကာကွယ်ရန် ထိုရောဂါအကြောင်း သိကောင်းစရာ ဆောင်ရန်၊ ရှောင်ရန်တွေ သိရန်လိုသည်။ ဒါတွေသိဖို့အတွက် ဗဟုသုတ လိုသည်။သင်တန်းတွေတက်၊ လေ့လာ၊ ဆွေးနွေး ဒါတွေလိုသည်။ ပညာလိုပါသည်။ သိသင့်၊ သိအပ်၊ သိထိုက်သော စာတွေဖတ်၊ စာတွေ့မှသည် စေတနာအခြေခံသော လက်တွေ့ဆီသို့ သွားခြင်းအားဖြင့် အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီး ဘဝမြှင့်တင်ကြပါစို့။ ။

**ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့**

**၂၀၀၄ခုနှစ်၊ ဒီဇင်ဘာလ ၁ရက်**

**World AIDS Campaign**

**1st December, 2004**

**"အေအိုင်ဒီအက်စ်ကင်းစင်ဖို့ အမျိုးသမီးများဘဝမြှင့်တင်စို့"**

**"Women, Girls, HIV and AIDS"**

**ကျန်းမာရေးဝန်ကြီးဌာန**



**သာကေတမြို့နယ် ပညာရေးမှူးရုံးနှင့် ပညာရေးမိသားစုများ၏ ပထမအကြိမ် ကထိန်သင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို နိုဝင်ဘာ ၂၆ရက်က မြို့နယ်ရုံး၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအေးကြိုင်က ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## အောင်ဆန်း မိုးကုတ်ရိပ်သာဓမ္မဝိဇ္ဇာဓမ္မာရုံ တိုးချဲ့တည်ဆောက်ရေး ဆက်သွယ်လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တော်ရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)တွင် ပဓာနနာယကဆရာတော် ပြည်တွင်း၊ပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရနှင့် အကျိုးတော်ဆောင်အဖွဲ့တို့ စုပေါင်းဦးစီးမှုဖြင့် ယောဂီ၁၅၀၀ခန့် တရားစခန်း ဝင်ရောက်အားထုတ်နိုင်ရန် ၅၂ပေ x ပေ၁၃၀ရှိ ဓမ္မဝိဇ္ဇာဓမ္မာရုံကြီးကို ၅၄ပေ x ၁၀၈ပေ ထပ်ဆင့်တိုးချဲ့ ဆောက် လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် ဖုန်း-၆၄၁၉၆၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည် **(က-ပ)**




**ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄**

ရန်ကုန်မြို့၊ မင်းဓမ္မလမ်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ

(၃-၁၂-၂၀၀၄ရက်မှ ၇-၁၂-၂၀၀၄ရက်အထိ)

## အောင်ပင်လယ်စာသင်တိုက် စုပေါင်း မဟာဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၃၀**

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ် ပရိယတ္တိစာသင်တိုက် စုပေါင်းမဟာဘုံကထိန်ပွဲကို ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၂၆ရက်)တွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ) နှင့် စာချစာသင်သံဃာတော်များအား မတည်အလှူရှင် မရမ်းကုန်းမြို့နယ် သီရိရိပ်သာ တော်ဝင်လမ်းနေ ဦးဇော်နိုင်ချို-ဒေါ်ခင်စန္ဒာသော် သမီးချိုငွေဇင်သော်မိသားစုနှင့် အောင်ပင်လယ်မိသားစု ဒါယကာ၊ဒါယိကာမအပေါင်းတို့က စုပေါင်း၍ ကထိန်သင်္ကန်းနှင့် ပဒေသာပင်စသော လှူဖွယ်ဝတ္ထုများ လှူဒါန်းဆက်ကပ်ကြကြောင်း သိရသည်။ **(၁၉၂)**

# အရှည် ၇၂၇ပေ ၇လက်မရှိ ပွန်ချောင်းတံတားတည်ဆောက်ပြီးစီး မီးရထားရော မော်တော်ယာဉ်ပါ ဖြတ်သန်းသွားလာနိုင်

ရန်ကုန် နိုဝင်ဘာ ၃၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်း၊ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါ၍ ရွှေညောင်–တောင်ကြီး–ပွန်ချောင်း–နမ့်စန် ရထားလမ်း၏ အစိတ်အပိုင်းတစ်ပိုင်းဖြစ်သည့် ထီရိ၊ ထိထဲထိုး၊ ပွန်ချောင်းအပိုင်း ရထားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

**မွမ်းမံထိန်းသိမ်း**

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ရက် နံနက်ပိုင်းတွင် ထီရိဘူတာမှ ထိထဲထိုးကျေးရွာ ၉ဒသမ၃မိုင်၊ ၎င်းမှ ထမ်ဆိုင်းကျေးရွာ ၅မိုင်၊ ၎င်းမှ ထူးကျန့်ကျေးရွာ ၆ဒသမ၈မိုင်၊ ၎င်းမှ ပွန်ချောင်းတံတား ၈ဒသမ၄မိုင် စုစုပေါင်း လမ်းပိုင်း ၂၉ဒသမ၅မိုင်နှင့် ပွန်ချောင်းတံတားအား ဖြတ်ကျော်၍ အထူးရထားဖြင့် စမ်းသပ်မောင်းနှင်ခြင်းသို့ လိုက်ပါစစ်ဆေး၍ လမ်းပိုင်းနှင့် တံတားများအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းတစ်လျှောက် မြေသားတာပေါင်များ ပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေး၊ တံတားများကြံ့ခိုင်ရေးတို့အတွက် လုပ်ငန်းအဖွဲ့များဖြင့် မပြတ်စစ်ဆေး၍ မွမ်းမံထိန်းသိမ်းထားရှိရေး မှာကြားသည်။

ယခုလမ်းပိုင်းတွင် ပါဝင်သည့် ပွန်ချောင်းတံတားကြီးသည် အရှည် ၇၂၇ပေ ၇လက်မရှိပြီး RC ကမ်းကပ်ခုံ နှစ်ခု၊ RC ရေလယ်တိုင် ရှစ်တိုင်၊ ၆၅ပေ သံပေါင်ရှစ်ခု၊ ပေ၂၀၀ သံပေါင်တစ်ခုဖြင့် တည်ဆောက်ထားသည်။ ၎င်းတံတားကို ၂၀၀၁ခုနှစ် ဩဂုတ် ၁ရက်တွင် စတင်တည်ဆောက်၍ ၂၀၀၄ခုနှစ် မတ် ၂၇ရက်တွင် ပြီးစီးခဲ့ပြီး မီးရထားရော မော်တော်ယာဉ်ပါ ဖြတ်သန်းသွားလာနိုင်အောင် တည်ဆောက်ထားသည်။

**ကြိုးပမ်းဖောက်လုပ်**

ရွှေညောင်–တောင်ကြီး–နမ့်စန် ရထားလမ်း ၁၆၅ဒသမ၂၉မိုင်အနက် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–ထီရိလမ်းပိုင်း ၈၀ဒသမ၇၉မိုင်နှင့် နမ့်စန်–ကောင်ဆိုင်းလမ်းပိုင်း ၂၇ဒသမ၅မိုင်တို့အား ဖွင့်လှစ်ထားပြီးဖြစ်၍ ယခု ထီရိ–ပွန်ချောင်းလမ်းပိုင်း ၂၉ဒသမ၅မိုင်နှင့်ဆိုပါက စုစုပေါင်း ၁၃၇ဒသမ၇၉ မိုင် ဖွင့်လှစ်ပြီးဖြစ်သည်။ ကျန်ရှိသော ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်း ၂၇ဒသမ၅မိုင်တွင် မြေတူးခြင်း၊ မြေဖို့ခြင်း၊ မြေသားလုပ်ငန်းကျင်းပေါင်း ၃၆ဒသမ၃၂ သိန်း ပေ၅၀အထက် တံတားသုံးစင်း၊ ပေ ၅၀အောက်တံတား ၁၅၉စင်းတို့ ဆောင်ရွက်ရမည်ဖြစ်ရာ တပ်မတော်သားများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများဖြင့် ကြိုးပမ်းဖောက်လုပ်လျက်ရှိပြီး ထိုလမ်းပိုင်းပြီးစီးသွားပါက ပြည်မမှ ရွှေညောင်–တောင်ကြီးကို ဖြတ်သန်း၍ နမ့်စန်၊ ၎င်းမှ မိုးနဲအထိ ရထားဖြင့်သွားရောက်နိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုညာရာမဆရာတော် တရားပွဲများ

**ရန်ကုန် နိုဝင်ဘာ ၃၀**

နတ်တလင်းမြို့ အဖွဲ့ခွဲ(၂၁) ဓမ္မရိပ်သာ၌ နိုဝင်ဘာ၂၉ရက်မှ ဒီဇင်ဘာ ၅ရက်အထိလည်းကောင်း၊ ဥသျှစ်ပင် အဖွဲ့ခွဲ(၁၈၇)ဓမ္မရိပ်သာ၌ ဒီဇင်ဘာ ၆ရက်မှ ၁၂ရက်အထိလည်းကောင်း၊ စစ်တွေမြို့ ပညာလင်္ကာရကျောင်း၌ ဒီဇင်ဘာ၁၃ရက်မှ ၂၂ရက်အထိလည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့ အဖွဲ့ခွဲ(၁၆၄)၌ ဒီဇင်ဘာ၂၄ရက်မှ ၃၁ရက်အထိ တရားပွဲများကို သာကေတမြို့ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ အရှင်သူမြတ်က ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တည်ဆောက်ပြီးစီးခဲ့သည့် ပွန်ချောင်းတံတားကြီးပေါ်တွင် အထူးရထားဖြတ်သန်းခုတ်မောင်းခဲ့စဉ်။**

(ရထား)

## ပိုးကင်းပန်းဘဝ ခံယူကြ

❒ ပန်းကောင်းဘဝ ခံယူရဖို့
မုချကေန် ရေခံမြေခံ
ဩဇာမှန်လျက် ဖောက်ပြန်ကင်းစင်
ပိုးကင်းစင်ရေး ကာကွယ်ပေးမှ
အရေးမလှ ညှိုးလျကြွေနွမ်း
ပန်းကောင်းညွန့်ကျိုး အဖြစ်ဆိုးကို
ရိုက်ချိုးပယ်ဖျက် ပန်းကောင်းလျက်ပင်
မပျက်အောင်ပွဲ ခံလိမ့်မည်။

❒ ထို့နှယ်တူစွ ကတ္တိယဆို
မိန်းမပျိုတိုင်း မဆိုင်းဘဝ
တင့်တယ်လှ၍ ကာယဉာဏ
စာရိတ္တနှင့် မိတ္တဘောဂ
ဗလငါးတန် ကုံလုံသန်ကာ
အမှန်ဘက်စုံ ဖွံ့ဖြိုးတုံရေး
ကြံ့ကြိုက်ရေးတွက် အဖျက်ပိုးမည်
အိပ်ချ်အိုင်ဗွီဟု တလီမိုင်းရပ်စ်
ဝင်ရောက်လတ်လျက် ဖြစ်အပ်သေချာ
အိဒ်စ်ရောဂါကို မှန်စွာကြိုတင်
အစဉ်ကာကွယ် သွယ်သွယ်တိုက်ဖျက်
လက်ချင်းဆက်...မပျက်အောင်ပွဲ ခံစေလော့။ ။

**၂၀၀၄ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်ကို ဂုဏ်ပြုလျက်**

**ဒေါက်တာသန်းဦး**

## ပုပ္ပားစကားဝါမြေ ဆရာတော်တရားပွဲများ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမ စာသင်တိုက် နာယက စာချ သာသနာပြု နယ်လှည့်ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော် ဘဒ္ဒန္တပညာဝံသသည် ဒီဇင်ဘာ ၃ရက်တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက် အသောကလမ်း ဆွမ်းအောင်ပွဲအဖြစ် အသောကဓမ္မာရုံ၌ လည်းကောင်း၊ ဒီဇင်ဘာ၂၀ရက်နှင့် ၂၁ရက်တို့တွင် ရွှေပြည်သာမြို့နယ် (ဏ/၁၄)ရပ်ကွက် ပန်းခြံ(၁၂) မိသားစုတို့၏ ဓမ္မသဘင်၌ လည်းကောင်း၊ ဒီဇင်ဘာ ၂၃ရက်နှင့် ၂၆ရက်တို့တွင် လှိုင်မြို့နယ် (၁၃) ရပ်ကွက် ပန်းခြံ (၁)၊ (၂)နှင့် (၃)လမ်း မိသားစုတို့၏ ဆွမ်းအောင်ပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က–ပ)**



## ဆေးတက္ကသိုလ်(၁) ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အသင်းဝင်များဖြစ်ကြသော (၁၉၇၀–၇၁)ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၁၂ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ)၌ ကျင်းပမည်ဖြစ်ရာ ဆရာကန်တော့ပွဲအတွက် အမှုဆောင်အဖွဲ့သို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် သက်ဆိုင်ရာက နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ၊ရသစာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

**နေ့ရက်** – **၃–၁၂–၂၀၀၄ (သောကြာနေ့)**

**အချိန်** – **မွန်းလွဲ ၂နာရီ**

**နေရာ** – **ပြန်ကြားရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာပေဒါနပြုလိုကြသော စေတနာရှင်၊ အလှူရှင်များ အချိန်မီတက်ရောက် လှူဒါန်းနိုင်ကြပါရန် နှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**၂၂–၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**
ဖုန်း–၃၇၁၃၃၉၊ ၃၇၉၇၆၉၊ ၃၇၉၇၇၁၊ ၂၅၂၄၅၁။

## မြန်မာ့ရုပ်မြင်သံကြား

**၁–၁၂–၂၀၀၄(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယော)ဆရာတော် ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှု အကအတီးပြိုင်ပွဲ
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Islands of Dhama

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice In Reading
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ ဂီတမဟာပျော်စရာ
၁၇:၄၅ ၈။ မြန်မာစာ မြန်မာစကား
၁၈:၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၀ ၁၀။ **"လောကရဲ့အလှရတနာ"** (ရဲအောင်၊ မေသဥ္ဇာဦး၊ သူထူးစံ၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ ချောရတနာ၊ မေကဗျာ)
၁၈:၂၅ ၁၁။ Discovery.
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ အေအိုင်ဒီအက်စ်ကင်းစင်းဖို့ အမျိုးသမီးများဘဝ မြှင့်တင်စို့
၁၉:၂၀ ၁၅။ ကမ္ဘာ့ခုခံအားကျဆင်းမှု ရောဂါတိုက်ဖျက်ရေးနေ့တေးများ
၁၉:၃၅ ၁၆။ ရောင်ဝါထွန်းပ နေလပမာ သာသနာ(အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"အသက်တမျှ"** (နိုင်းနိုင်း၊ မင်းခ၊ခိုင်သင်းကြည်၊ ရတနာခင်) (ဒါရိုက်တာ–ရိုးရိုး)

## မြောက်ဦးမြို့နယ်အတွင်း ရေယာဉ်တိမ်းမှောက်နစ်မြုပ်ရာတွင် ပျောက်ဆုံးနေသောညွှဲ့လမ်းညွှန်၏အလောင်းအားပြန်လည်ဆယ်ယူရရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ရုတ်တရက်တိုက်ခတ်သည့် လေပြင်းဒဏ်ကြောင့် နိုဝင်ဘာ ၂၈ရက် ည၇နာရီခွဲခန့်တွင် ရေယာဉ်သုံးစင်း တိမ်းမှောက်နစ်မြုပ်ခဲ့သည့်ဖြစ်စဉ်၌ ပျောက်ဆုံးနေသော ညွှဲ့လမ်းညွှန် ဦးစောသိန်းထွန်း၏အလောင်းအား နိုဝင်ဘာ ၂၉ရက် ည၇နာရီ၄၅မိနစ်ခန့်တွင် အဆိုပါဖြစ်စဉ် ဖြစ်ပွားသည့်နေရာ အနီး၌ပင် ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အာဆီယံအမျိုးသမီးရေးရာကော်မတီအစည်းအဝေး ကိုယ်စားလှယ်များအားညစာတည်ခင်း

ရန်ကုန် နိုဝင်ဘာ ၃၀

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များအား ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ညစာစားပွဲသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညစာစားပွဲ မစတင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုအကအဖွဲ့များက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

# ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ အလှူရှင်များက စာအုပ်၊စာစောင်များ လှူဒါန်းလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များက နေ့စဉ်မပျက်ငွေနှင့်စာအုပ်များ ပေးပို့လှူဒါန်းလျက်ရှိကြသည်။

၂၀၀၄ခုနှစ် နိုဝင်ဘာ ၃၀ရက်အထိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်)သို့တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဒေါ်ခင်မထွေး(ခ)ဒေါ်ထွေးထွေးက ငွေကျပ် ၁၀၀၀၀နှင့်မဂ္ဂဇင်းဂျာနယ် ၂၉၄အုပ်၊ ဦးအောင်ကြီးက ငွေကျပ် ၅၀၀၀၊ ဦးသောင်းမြင့်က ငွေကျပ် ၃၀၀၀နှင့် ရိုးရာပုံပြင် ၁၅အုပ်၊ ဦးတင်ရွှေက ငွေကျပ် ၅၀၀၀၊ ဒေါ်အေးအေးမွန်က ငွေကျပ် ၂၀၀၀နှင့်စာအုပ်၊ စာစောင် ၁၃၇အုပ်၊ စာရေးဆရာဗညားဦးက ငွေကျပ် ၁၀၀၀နှင့်မဂ္ဂဇင်းစာစောင် ၁၂အုပ်၊ ဒေါ်မိမိသက်နွယ်က ငွေကျပ် ၁၀၀၀နှင့်ဂျာနယ်စုံ အုပ်ရေ ၁၆၀၊ ဒေါ်ခင်နွဲ့ဟန်ကြည်က သုတစာအုပ် ၇၇အုပ်၊ ဦးငြိမ်းချမ်းက သုတ၊ မဂ္ဂဇင်း၊ စာစောင် ၇၂အုပ်၊ ဦးအောင်လွင်ဦး-ဒေါ်မြင့်မြင့်ရီက မဂ္ဂဇင်း၊ ဂျာနယ် ၅၀၄အုပ်၊ သီဟဘုန်းမြင့်ထွန်းက သုတမဂ္ဂဇင်း ၄၇ အုပ်၊ တက္ကသိုလ်စိုးမိုးနိုင် (လောကပါလစာပေ)က စာစောင် ၁၀၀၊ ဦးစိန်သန်း-ဒေါ်ခင်ခင်သန်းက မဂ္ဂဇင်း၊ မြန်မာတိုင်း(မ်) ၁၃၀၊ ဒေါ်လှလှန(အိမ့်ကြာဖြူ)က မဂ္ဂဇင်း၊ စာစောင် ၁၂၀ အုပ်၊ ဦးအောင်ကျော်မိုးက သုတရှစ်အုပ်၊ ဒေါ်ရှုက မဂ္ဂဇင်း၁၅အုပ်၊ စာရေးဆရာ ငြိမ်းအောင်က မဂ္ဂဇင်း၊ ဂျာနယ် ၂၆အုပ်၊ မမေနှင်းသန့်ဇေက သုတအုပ်၂၀၊ ဗိုလ်မှူးကြီးတင်ထွန်းက သုတ အုပ် ၁၀၀၊ ဦးအောင်ကျော်မိုးက သုတ ၁၃အုပ်၊ မောင်ကောင်းစည်သူက ဂျာနယ်၂၀၊ ဦးမြင့်စိုး-ဒေါ်ထားကြည်က မဂ္ဂဇင်း၊ ဂျာနယ် အုပ်၉၀၊ မြန်မာ့ဝါနှင့်ပိုးချည် လုပ်ငန်းက စာစောင် ၂၁၇စောင်၊ ဒေါ်ငွေစိန်က သုတ၊ မဂ္ဂဇင်း၊ စာစောင် ၁၂၆ အုပ်၊ ဦးဝင်းမြင့်-ဒေါ်ခင်ခင်ညွန့်က မဂ္ဂဇင်း ၂၉အုပ်၊ ဦးသွင်အောင်မြင့်-ဒေါ်သီတာအောင်က စာစောင် ၇၈စောင်၊ ဒေါ်အေးအေးသိန်းက သုတ၊ မဂ္ဂဇင်း၊ စာစောင် ၄၇အုပ်၊ ဒေါ်အေးအေးမြင့်က သုတ၃၅အုပ်၊ ဒေါ်သန်းသန်းအေးနှင့် မြေး မောင်သန်းထိုက်တို့က မဂ္ဂဇင်း၊ ဂျာနယ် ၃၆၅အုပ်၊ ဒေါ်အေးအေးလှက မဂ္ဂဇင်း၊ဂျာနယ်၊ စာစောင် ၇၇၂အုပ်၊ ဦးအောင်ကိုဦးက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် အုပ်၇၀၀တို့ဖြစ်ကြသည်။

**လှူဒါန်းနိုင်**

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို ရန်ကုန်မြို့ အမှတ် ၂၂/၂၄၊ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို အလက(၈)လှိုင်ကျောင်းခန်းမတွင် နိုဝင်ဘာ ၂၃ ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကို၊ လှိုင်မြို့နယ် ပညာရေးမှူး ဒေါ်မြင့်ရီနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (က-ပ)

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။**

**၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်( ၁၀၄၀၀ )တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# အေးစေတီကျောင်းတိုက်ဓမ္မသဘင်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကလေးစံပြကျေးရွာ အေးစေတီကျောင်းတိုက် ဓမ္မဗိမာန်တော်၌ တရားပွဲများကျင်းပမည်ဖြစ်ရာ ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်၊ ၁၀ရက်၊ ၁၁ရက် ညများတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာန နာယက ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော် ဘဒ္ဒန္တ ကုန္ဒက(မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ဆရာတော်ကြီး၏ တပည့်များ ဖြစ်ကြသော လက်ထောက် ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်ဝိစာရ၊ ရွှေပြည်သာမြို့ညောင်ကန်အေး ရွှေပြည်သာပဓာန နာယက ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက အရှင်အာစိဏ္ဏ၊ အင်းစိန်မြို့နယ် ညောင်ကန်အေးရိပ်သာ မဟာစည်နယ်လှည့်ဓမ္မကထိက အရှင်ကာရဏိက အရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဟု သိရသည်။ **(က-ပ)**

# နိုင်ငံကူးလက်မှတ် လျင်မြန်စွာထုတ်ပေးရေး ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးစစ်ဆေးမှာကြား

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမှတ် ၁၁၂၊ ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးသို့ ရောက်ရှိလာရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ အတွင်းရေးမှူး သတင်းတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးအတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သတင်းတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ရဲမှူးကြီးမြင့်သိန်းနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအတွက် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြည်သူတို့အား လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲဆက်

**ရန်ကုန် နိုဝင်ဘာ ၃၀**

၂၀၀၄ ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့်အုပ်စုပတ်လည် ပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် နယ်ဇုန်များ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ (က)အုပ်စု(ရတခ)ဇုန် မော်လမြိုင်မြို့၌ ကျင်းပသော ပြိုင်ပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု (နတခ)ဇုန် ပုသိမ်မြို့၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းကအနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု(နမခ)ဇုန် မုံရွာမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု (လပခ)ဇုန် မန္တလေးမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု (တပခ)ဇုန် တောင်ငူမြို့၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိမ်ဖြစ်ထွန်း

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။



သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော်မြတ် ကြီးအား ဆရာတော် ဦးကုဏ္ဍာဘာသ(ပြည်)နှင့် တပည့်ခုနစ်ရက်သားသမီး များ၊ အလှူရှင်များ စုပေါင်း၍ ပထမအကြိမ်မြောက် ပန်းပေါင်း၈၄၀၀၀ လှည့်လည်ပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက်က ဘုရားရင်ပြင်တော်တွင် ကျင်းပရာ ဆရာတော်၊သံဃာတော်များ၊ သီလရှင် ဆရာလေးများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက စေတီတော်မြတ်ကြီးအား လက်ယာရစ် ငါးပတ်ပတ်၍ ပန်းပေါင်း ၈၄၀၀၀ ရှိ ပန်းစေတီတော်များကို ပင့်ဆောင်လှည့်လည်ပူဇော်စဉ်။ (၄၀၀)

# ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်(၃)နှင့်(၄) ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုဝန်ကြီးဗိုလ်ချုပ်တင်ထွတ်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် ရေအား လျှပ်စစ်ဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါ၍ နိုဝင်ဘာ၂၆ရက် မွန်းလွဲပိုင်းတွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဓာတ်အားထိန်းချုပ်ခန်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။**

## ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ၂၇ရက် နံနက်ပိုင်းတွင် ဆည်မြောင်းဦးစီးဌာနမှတာဝန်ယူ ဆောက်လုပ် ပြီးစီးနေသည့် ရေယူအဆောက်အအုံနှင့် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ ရေလျှံထိန်းစည်၊ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်း ပုပ္ပားဒေသတွင် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ ဆောင်ရွက်လျက်ရှိသည့် ပုပ္ပားပိုဇိုလန်စက်ရုံ တည်ဆောက်ရေးနှင့် သဘာဝပိုဇိုလန် ထုတ်လုပ်ရေး လုပ်ငန်းစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## တွေ့ဆုံအားပေး

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်၌ ပျဉ်းမနားမြို့တွင် တည်ဆောက် အကောင်အထည် ဖော်လျက်ရှိသောပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ မြေအောက်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားပေးစက် အမှတ်(၂)တပ်ဆင်ပြီးစီးမှု အခြေအနေ၊ အမှတ်(၁)စက် ဆက်လက်တပ်ဆင်ဆောင်ရွက်နေမှု၊ ဓာတ်အားထုတ်လုပ်လျက်ရှိသည့် အမှတ်(၃)နှင့် အမှတ်(၄)ဓာတ်အားပေးစက်နှင့် စက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းသို့ ရောက်ရှိပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းတာဝန်ရှိသူများ၊ စက်ရုံမှူးများအား စက်စွမ်းအားပြည့်မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး၊ စက်များအပိုင်းလိုက် မှန်ကန်စွာတပ်ဆင်၍ စံချိန်စံညွှန်းပြည့်မီရေး၊ ခြိုးခြံချွေတာရေး၊ အလေအလွင့်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ စီမံကိန်းများ၏ ဆောင်ရွက်ဆဲတည်ဆောက်လုပ်ငန်းများ သတ်မှတ်ကာလထက်စောလျင်စွာ ပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၃၀**

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်တို့ပူးပေါင်း၍ ဂရိတ်ဝေါ်ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းတို့က ပံ့ပိုးကူညီသည့် ရန်ကုန်တိုင်းအခြေခံပညာကျောင်းပေါင်းစုံကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီမှစ၍ မြို့မကြက်တောင်အားကစားရုံတွင် ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာအမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က အမှာစကားပြောကြားကြသည်။ ယင်းနောက် ဆုများဆက်လက်ချီးမြှင့်ရာ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုက အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ပထမဆုရ အရှေ့ပိုင်းခရိုင်(ခ)အသင်းနှင့် ဒုတိယဆုရ အနောက်ပိုင်းခရိုင်(ခ)အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အကောင်းဆုံး အားကစားသမားဆုရ (အမျိုးသား) အောင်ကြည်မင်း(TTC)နှင့် (အမျိုးသမီး) ယမင်းဝင်း(အထက-၂၊စမ်းချောင်း)တို့အား ဆုကြေးငွေများကိုလည်းကောင်း၊ အားကစားဆရာဆုကို ကျင်းပရေးကော်မတီမှ ဆရာ၊ ဆရာမများကိုလည်းကောင်း၊ အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိကြသော အနောက်ပိုင်းခရိုင်(ခ)အမျိုးသားအသင်းနှင့် အရှေ့ပိုင်းခရိုင်(က)အမျိုးသမီးအသင်းတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသမီးအသင်း လိုက်ပြိုင်ပွဲ ပထမဆုရ အနောက်ပိုင်းခရိုင်(က)အသင်း၊ ဒုတိယဆုရ အရှေ့ပိုင်းခရိုင်(က)အသင်း၊ အသက်(၁၂)နှစ်အောက်၊ အသက်(၁၄)နှစ်အောက်၊ အသက်(၁၆)နှစ်အောက်အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားမောင်မယ်များအား အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် မြန်မာနိုင်ငံကြက်တောင်အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေများပေးအပ်ချီးမြှင့်သည်။

**(မြန်မာ့အလင်း)**



**မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ကျင်းပရေးကော်မတီမှ ဆရာမတစ်ဦးအား ဆုချီးမြှင့်ပေးအပ်စဉ်။ (မြန်မာ့အလင်း)**

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**ရန်ကုန် နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၉ ရက်မြန်မာစံတော်ချိန် ၁၆ နာရီ ၅၄မိနစ် စက္ကန့်၅၀တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် ၅၅မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း နေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

# မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ပဲခူးမြို့နယ် အင်းတကော်ကျေးရွာ မြို့မတောင်ကိုးလုံး မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ သံဝေဇနိယ အမှတ်(၁)တွင်ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး ဦးဇောတိက(လေး)(ပင်မသံဝေဇနိယ အမရပူရ)နှင့်နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ပဲခူးမြို့မဆရာတော် အဂ္ဂမဟာပဏ္ဍိတဦးဂန္ဓမာ အရှင်မြတ်များကြီးမှူး၍ ဦးဝိစိတ္တသာရ(မြို့မတောင်ကိုးလုံး)၊ဦးအဂ္ဂါစာရ(လယ်ဝေး)၊ ဦးအာလောက(အမရပူရ)အရှင်သူမြတ်တို့က ၁၃၆၆ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်(ဒီဇင်ဘာ၃ရက်)မှစ၍၁၀ရက်တိုင်တိုင် ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာ လေးပါးအလုပ်ပေးတရားများဟောကြားမည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည်ဒီဇင်ဘာ၃ရက် ညနေ ၃နာရီထက် နောက်မကျစေဘဲ မြို့မတောင်ကိုးလုံးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ သံဝေဇနိယ အမှတ် (၁)သို့ ကြွရောက်ကြရန်နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

## အေစီမီလန်တို့နိုင်ပွဲရ၊ ဂျူဗင်းတပ်သရေကျ

ရောမ နိုဝင်ဘာ ၃၀

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၂၈ ရက်က ဆက်လက်ကစားရာ အေစီမီလန်တို့ နိုင်ပွဲရပြီး ဂျူဗင်းတပ်ကသရေပွဲဖြစ်ကာ လာဇီယိုက အိမ်ကွင်း၌ ရှုံးပွဲနှင့်ရင်ဆိုင်ခဲ့ရသည်။**

### ချီယေးဗိုနှင့်အေစီမီလန်

ချီယေးဗိုကွင်း ဘင်တီဂိုဒီ၌ ကစားသည့်ပွဲကို အေစီမီလန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရအောင် အသည်းအသန်ကစားခဲ့ရသည်။ ချီယေးဗိုတို့ အိမ်ကွင်း၌ ဒုတိယမြောက်ရှုံးပွဲဖြစ်ခဲ့ရပြီး အေစီမီလန်တို့ အဝေးကွင်း ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားသည်။ အေစီမီလန်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်မိနစ် ၅၀၌ တိုက်စစ်မှူး ဟာနန်ခရက်စပိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အေစီမီလန် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား ဒုတိယနေရာ၌ပင် တည်မြဲနေသည်။

### အင်တာမီလန်နှင့်ဂျူဗင်းတပ်

စီးရီးအေ ထိပ်တန်းအသင်းကြီး နှစ်သင်းဆုံတွေ့သည့် ပွဲဖြစ်သဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

အင်တာမီလန်ကွင်းဆန်ဆီရို၌ ကစားရသော်လည်း ယခုနှစ်အိမ်ကွင်း ရလဒ်မကောင်းဘဲ သရေပွဲများနေသော အင်တာမီလန်တို့ ဂျူဗင်းတပ်၏ ဦးဆောင်ဂိုးနှစ်ဂိုးသွင်းပြီး နောက်ပိုင်းမှသာ ချေပဂိုးများသွင်းယူပြီး သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဂျူဗင်းတပ်အတွက်ပွဲ ချိန် ၅၃ မိနစ်တွင် ဇာလာရီတာက တစ်ဂိုးနှင့်ပွဲချိန် ၆၇မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် အိုင်ဘရာဟီမိုဗစ်က တစ်ဂိုးသွင်းခဲ့ပြီး အင်တာမီလန်အတွက် ပွဲချိန် ၉မိနစ်တွင် ခရစ်စတင်းဗီယာရီကတစ်ဂိုးနှင့်ပွဲချိန် ၈၅ မိနစ်တွင်အက်ဒရီရာနိုက တစ်ဂိုး သွင်းယူခဲ့သည်။ ယခုပွဲသရေကျခဲ့သဖြင့် ဂျူဗင်းတပ်တို့ တန်းစီဇယားထိပ်ဆုံး၌ ဆက်လက်ရှိနေပြီး အင်တာမီလန်က အဆင့်ခုနစ်နေရာ၌ ရှိနေသည်။

### အခြားပွဲများ

| | | | | |
|---|---|---|---|---|
| လာဇီယို | ၂ | – | ကယ်ဂလီရာရီ | ၃ |
| ဆမ့်ဒိုးရီးယား | ၁ | – | ပါးမား | ၀ |
| အတ္တလန္တာ | ၀ | – | ရက်ဂျီနား | ၁ |
| ဘိုလော့နာ | ၀ | – | လက်ချီ | ၀ |
| ဘရက်ရှာ | ၀ | – | ပါလာမို | ၂ |
| မက်ဆီနာ | ၁ | – | ဖီအိုရင်တီးနား | ၁ |

(အင်တာနက်)



**စီးရီးအေပွဲစဉ် (၁၃)အဖြစ် ချီယေးဗိုနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်မှ ကာကာ(ယာ) ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဝန်ကြီးဌာနပေါင်းစုံအမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃၀

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် စတုတ္ထအကြိမ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ အသင်းအုပ်ချုပ်သူများအစည်းအဝေးနှင့် အုပ်စုပွဲစဉ်ရေးဆွဲခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက အမျိုးသားဘောလုံး လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။**

အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စု (က)၌ အား/ကာသိပ္ပံ(ရန်ကုန်) အသင်း၊ ပြည်ထဲရေး (က)အသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စက်မှု(၁)အသင်းတို့ပါဝင်ကြသည်။ အုပ်စု(ခ)၌ ပြည်ထဲရေး(ခ)အသင်း၊ ပို့ဆောင်ရေးအသင်းနှင့် အား/ကာ သိပ္ပံ(မန္တလေး)အသင်းတို့ ပါဝင်ကြသည်။

အုပ်စုပတ်လည်ပွဲစဉ်များ ရေးဆွဲပြီးဖြစ်ရာ ဒီဇင်ဘာ ၇ ရက်တွင် အား/ကာသိပ္ပံ (ရန်ကုန်)အသင်းနှင့် စက်မှု(၁)အသင်း၊ ဒီဇင်ဘာ၉ ရက်တွင် ပြည်ထဲရေး(က)အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ဒီဇင်ဘာ ၁၀ ရက်တွင် ပို့ဆောင်ရေးအသင်းနှင့် အား/ကာသိပ္ပံ (မန္တလေး) အသင်း၊ ဒီဇင်ဘာ၁၃ရက်တွင် အား/ကာသိပ္ပံ (ရန်ကုန်) အသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ ဒီဇင်ဘာ ၁၄ရက်တွင် စက်မှု(၁) အသင်းနှင့် ပြည်ထဲရေး(က) အသင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ပြည်ထဲရေး(ခ)အသင်းနှင့် အား/ကာသိပ္ပံ (မန္တလေး)အသင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် စက်မှု(၁)အသင်း၊ ဒီဇင်ဘာ၂၃ရက်တွင် ပြည်ထဲရေး(ခ) အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက်နှင့် ၈ရက်တွင်လည်းကောင်း၊ နောက်ဆုံးဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၁ ရက် တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ပွဲစဉ်များအားလုံးကို အောင်ဆန်းအားကစားပြိုင်ကွင်း၌ ညနေ ၃ နာရီခွဲမှ စတင်၍ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



နိုဝင်ဘာ၇ရက်က မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် ယွန်းကျောင်း ကတ္တရာလမ်းသစ်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

# ဖြူးမြို့နယ်၌ကျေးရွာစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ စာအုပ်များလှူဒါန်း

ဖြူး နိုဝင်ဘာ ၂၀

**ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၄ရက်က ဖြူးမြို့နယ် ရေသျှံကြီး စံပြကျေးရွာတွင် ကျင်းပသည်။**

**ဖွင့်လှစ်ပေး**

အခမ်းအနားတွင် ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးသက်နိုင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**ရည်ရွယ်ချက်ရှင်း**

ထို့နောက် ဖြူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်တိုးတို့က စာကြည့်တိုက်များ ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အားရှင်းလင်းပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးထွန်းရင်ထံသို့ စာအုပ်များ ပေးအပ်လှူဒါန်းသည်။**(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

# လှိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာတွင်စဝ်စံထွန်းစာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ကျေးလက်ဖွံ့ဖြိုးရေးဟောပြောဆွေးနွေး

လှိုင်လင် နိုဝင်ဘာ ၁၅

**လှိုင်လင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မိုင်းပွန်ကျေးရွာ စဝ်စံထွန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို နိုဝင်ဘာ ၆ရက်နံနက်က ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**

**ဆွေးနွေး**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်းတို့က နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဟောပြော ဆွေးနွေးကြသည်။

**လက်ခံရယူ**

ထို့နောက် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့က သုတရသနှင့် မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်စုစုပေါင်း ၄၀၀ကျော်ကိုပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်တာဝန်ခံ ဦးစိုင်းဝင်းဌေးက လက်ခံရယူသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ထို့နောက် မိုင်းပွန်ဈေးအနီးရှိ စာကြည့်တိုက်ရှေ့တွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် ဦးစီးအရာရှိနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ပုသိမ်မြို့နယ်၌ နှလုံးလှစာကြည့်တိုက်ဖွင့် သိကောင်းစရာများဆွေးနွေးဟောပြော

**ပုသိမ် နိုဝင်ဘာ ၁၅**

ပုသိမ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ နှလုံးလှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၃ရက်က ကြောင်ပန်းကုန်း အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ပုသိမ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောလားဘွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

**လက်ခံရယူ**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ လှူဒါန်းသော စာအုပ်စာစောင်များကို မြို့နယ်ဦးစီးမှူးက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

**ဆွေးနွေးဟောပြော**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

**နိုဝင်ဘာ ၁၉ရက်က ကော့မှူး-ဝါးဘလောက်သောက် လမ်းပေါ်ရှိ ကျေးလက်တံတားအား မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြန်လည် ပြုပြင်တည်ဆောက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးဌေးလှိုင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)



# လင်းခေး ဒါးဆိပ်ကျေးရွာ၌ သုတပျိုးခင်းစာကြည့်တိုက်ဖွင့်

လင်းခေး နိုဝင်ဘာ ၂၂

**မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လင်းခေးမြို့ ဒါးဆိပ်ကျေးရွာ သုတပျိုးခင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ၅ရက် နံနက်ရနာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။**

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းအုန်းကြည်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးနန္ဒာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဒုတိယဦးစီးမှူးတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ ဗိုလ်မှူးကျော်ဇံဦး က စာကြည့်တိုက်အတွက် မဂ္ဂဇင်းမျိုးစုံ အုပ်ရေ၅၀ကိုလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေပဒေသာပင်စိုက်ထူရန် ငွေကျပ်တစ်သောင်းကိုလည်းကောင်း၊ ဌာနဆိုင်ရာများက စာအုပ်၊ စာစောင်နှင့်မဂ္ဂဇင်းမျိုးစုံ ၂၀၃အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## လူနာများကုသရန် အောက်ဆီဂျင်ဘူးလှူဒါန်း

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂၈**

မော်လမြိုင်ကျွန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် အရေးကြီးလူနာများအား ကုသရန်အတွက် ကျပ်တစ်သိန်းခွဲတန်ဖိုးရှိ အောက်ဆီဂျင်ဘူးတစ်ဘူး ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အောက်ဆီဂျင်ဘူး အလှူရှင် ရန်ကုန်မြို့ ၃၃ လမ်း၊ အမှတ် ၁၉၅ နေ ကွယ်လွန်သူ ဦးကိုကိုကြည်အားရည်စူး၍ ဇနီးဒေါ်အေးသိန်း၊ သမီး ဒေါ်မြင့်မြင့်ဆွေ၊ ဒေါ်ညွန့်ညွန့်ဌေးမိသားစုတို့က ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးမှူးဒေါက်တာရီရီခင်ထံ ပေးအပ်လှူဒါန်းကြသည်။

**ပြန်လည်ပြောကြား**

ထို့နောက် မြို့နယ် ခေတ္တကျန်းမာရေးဦးစီးမှူး ဒေါက်တာရီရီခင်က အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ဝ၉၇)**



**ပခုက္ကူ–မြိုင်လေယာဉ်ကွင်း ဖြတ်လမ်းတစ်ကြောင်း ထိုးဖောက်သည့် လုပ်ငန်းခွင်သို့ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ နိုဝင်ဘာ ၁၄ရက်ကကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



## အမြို့မြို့ အနယ်နယ် သတင်းများ

### ဘုံကထိန်လှည့်လည်

**ပုဂံမြို့ ရတနာမာန်အောင်ကျောင်းတွင် စိန်ဝင်းနှင့် ရောင်းရင်းများ မြန်မာပြည်အနှံ့ ဘုရားဖူးအဖွဲ့က ပုဂံမြို့နှင့် ညောင်ဦးမြို့နယ်အထိ ဘုံကထိန်များလှည့်လည်ရာ ဓမ္မရံကြီးဘုရား ပုထိုးတော်ရှေ့တွင် စည်ကားစွာ တွေ့ရစဉ်။** (က–ပ)

## စာရေးဝန်ထမ်းများ စွမ်းဆောင်ရည် သင်တန်းဆင်း

**လယ်ဝေး နိုဝင်ဘာ ၁၀**

လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၇/၂၀၀၄) သင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ရက် နံနက် ၁၁နာရီက လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးခင်မောင်ဇော်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ကြသည့် သင်တန်းသားများအား မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက သင်တန်းသား ၅၅ဦးတို့အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ **(၃၃၃)**

### ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## စာဆိုတော်နေ့ အထိမ်းအမှတ် အောင်လံ၌ စာပေဟောပြောပွဲကျင်းပမည်

**အောင်လံ နိုဝင်ဘာ ၃၀**

အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကြီးကြပ်၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၆၆ခုနှစ် (စာဆိုတော်နေ့) အထိမ်းအမှတ် စာပေဟောပြောပွဲကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)မှ စာရေးဆရာများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ဒေါက်တာ ခင်မောင်ညိုနှင့် ကောင်းသန့်တို့က ဒီဇင်ဘာ၁၂ရက်တွင် အောင်လံမြို့နယ် အောင်မြေရွှေဝါခန်းမ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

### ကြည့်ရှုစစ်ဆေး

**အောက်တိုဘာ ၁၈ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအနောက်ဘက်ခြမ်းရှိ ပုံကျဈေးသည်များ ဟင်းသီးဟင်းရွက် ရောင်းချမှု အခြေအနေကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အမှုဆောင်အရာရှိတို့ ကြည့်ရှုစစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)



**နိုဝင်ဘာ၁၆ရက်က ကော့သောင်းမြို့ (၅၅၅)တောင် အတက်လမ်း၌ မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းဟန်ဝင်းနှင့် အမှုဆောင်အရာရှိဦးမြင့်ဇော်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## အသက် ၇၅ နှစ်အထက်စစ်မှုထမ်းဟောင်းများ မော်လမြိုင်ခရိုင်တွင် ထောက်ပံ့ငွေပေးအပ်

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မော်လမြိုင်ခရိုင်အတွင်းရှိ အသက်၇၅နှစ်နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်က အမှာစကားပြောကြားပြီး မော်လမြိုင်ခရိုင်အတွင်းရှိ အသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၃၃ဦးတို့အား ထောက်ပံ့ငွေကျပ်၁၀၀၀၀စီ ပေးအပ်သည်။ **(အောက်ပုံ)(၁၆၈)**



## ကျိုက်လတ်မြို့မဈေး မီးဘေးကာကွယ်ရေး ဆောင်ရွက်မှုစစ်ဆေး

**ကျိုက်လတ် နိုဝင်ဘာ ၂၀**

ကျိုက်လတ်မြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအနေဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ဦးစီးမှူး ဦးမိုသင်၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ချိုနှင့် အဖွဲ့ဝင်များ၊ ဈေးကြီးမီးသတ် တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၈ ရက်က ဈေးကြီးအတွင်းရှိ ဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ၊ မီးသတ်ပိုက်နှင့် မီးသတ်စက်တို့ကို ကြည့်ရှု စစ်ဆေးကြသည်။ **(ဝ၅၈)**




## ရေဦးမြို့နယ်လုံးကျွတ် စုပေါင်းဘုံကထိန်ပွဲကျင်းပ

ရေဦး နိုဝင်ဘာ ၂၅

**(၁၄)ကြိမ်မြောက် မြို့နယ်လုံးကျွတ် စုပေါင်းဘုံကထိန်ပွဲတော်ကို ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ နိုဝင်ဘာ၁၇ရက်မှ၁၈ရက်အထိ ရေဦးမြို့မ အားကစားကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

နိုဝင်ဘာ ၁၉ရက် နံနက် ၁၀နာရီက မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကထိန်ကျင်းပရေးကော်မတီဝင်များက မြို့နယ်ဌာန ဆိုင်ရာများ အပါအဝင် အဖွဲ့အစည်း၆၄ဖွဲ့က လှူဒါန်းသော ကျပ် ၆၇ သိန်းတန် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို ကထိန်ခင်းရာ မစိုးရိမ်ကျောင်းတိုက်နှင့် မြို့ပေါ်ရှိ ကျောင်းတိုက်၁၈တိုက်မှ သံဃာတော်များအား ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်ချလှူဒါန်းရာ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးဓမ္မိကမှ ကထိန်အနုမောဒနာ တရားဟောကြား ချီးမြှင့်တော်မူသည်။ **(၃၇၈)**

## သဘာဝသယံဇာတများအပြည့်အဝအသုံးချ

ဒေသဆိုင်ရာ အုပ်ချုပ်ရေးတာဝန်ခံများသည် မိမိတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ဝင်ငွေတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် မိမိတို့ဒေသအတွင်းရှိ သဘာဝသယံဇာတများကို အပြည့်အဝ အသုံးချလာနိုင်အောင် တီထွင်ကြံဆမှုများဖြင့် ဦးဆောင်ဦးရွက်ပြု။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**



နိုဝင်ဘာ ၂၉ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစိုးရနည်းပညာကောလိပ်(စစ်တွေ) တည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)



# ၁၆ဂ ခုမြောက် ကျောက်တံခါးရေလှောင်တမံဖွင့်လှစ် ကြက်မောက်တောင်ရေလှောင်တမံသို့ ရေကူးဖြည့်ပေးမည်



**ရန်ကုန် နိုဝင်ဘာ ၃၀**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က မကွေးတိုင်း နတ်မောက်မြို့နယ် ကျောက်တံခါးရွာအနီး ကျောက်တံခါးချောင်းပေါ်၌တည်ဆောက်ပြီးစီးသွားသည့် ကျောက်တံခါးရေလှောင်တမံ **(အပေါ်ပုံ)** ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီက အဆိုပါကျောက်တံခါးရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ရေလှောင်တမံ မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✱

# နတ်မောက်မြို့နယ်အတွင်း ဧက ၂၀၀၀ စိုက်ပျိုးရေပေးဝေနိုင်

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်ရှိ ၁၅၁၅၈ ပေ အမြင့်ရှိ မဒွယ်ရေခဲတောင်၏အလှကို အဝေးမှ ဤသို့တွေ့ရသည်။ (သတင်းဆောင်းပါး စာ-၆)**

(ဓာတ်ပုံ-ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်)

